မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၂ ရက်၊ ၂၀၀၇ ခုနှစ်၊ ဖေဖော်ဝါရီ ၁၃ ရက်၊ အင်္ဂါနေ့၊ အတွဲ (၄၆)၊ အမှတ် (၁၃၆)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့ တည်ခင်းဧည့်ခံသော ပြည်ထောင်စုနေ့ဧည့်ခံပွဲနှင့် ညစာစားပွဲ နေပြည်တော်၌ ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၂

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့က တည်ခင်းဧည့်ခံသော ၂၀၀၇ ခုနှစ် နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ဧည့်ခံပွဲနှင့် ညစာစားပွဲကို ယနေ့ညပိုင်းတွင် နေပြည်တော်ရှိ မြို့တော်ခန်းမရင်ပြင်၌ ကျင်းပသည်။

ကြိုဆို

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် ၂၀၀၇ ခုနှစ် နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ဧည့်ခံပွဲနှင့် ညစာစားပွဲ ကျင်းပသည့် နေပြည်တော်ရှိ မြို့တော်ခန်းမရင်ပြင်သို့ ညနေ ၆ နာရီခွဲတွင် ရောက်ရှိလာကြရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၊ နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ ကျင်းပရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ●

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ၂၀၀၇ ခုနှစ် နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ဧည့်ခံပွဲနှင့် ညစာစားပွဲသို့ တက်ရောက်လာကြသည့် ပြည်နယ်နှင့်တိုင်းအသီးသီးတို့မှ ပြည်ထောင်စုနေ့ကိုယ်စားလှယ်များနှင့် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်တိုင်းများမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင် ပြည်ထောင်စုနေ့ကိုယ်စားလှယ်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် အထူးဧည့်သည်တော်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၇ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်)

တိုင်းရင်းသား စည်းလုံးညီညွတ်ရေး အလေးထား ငြိမ်းချမ်းရေးတံခါး အမြဲဖွင့်ထားလျက်ရှိ

ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် တိုင်းရင်းသားလူမျိုးများသည် ရှေးပဝေသဏီကတည်းကပင် ပြည်ထောင်စုရိပ်မြုံကြီးအတွင်း အေးချမ်းစွာနေထိုင်ခဲ့ကြသည်။ သူ့ကျွန်ဘဝတွင် ကိုလိုနီနယ်ချဲ့တို့က လူမျိုးရေးအရလည်းကောင်း၊ လူမှုရေးအရလည်းကောင်း၊ အုပ်ချုပ်ရေးအရလည်းကောင်း လုပ်ကြံဖန်တီးကာ သပ်လျှိုသွေးခွဲခဲ့ကြသည်။ ထို့ကြောင့် တိုင်းရင်းသားအချင်းချင်း အထင်အမြင်လွဲမှားကာ တစ်ဦးကိုတစ်ဦး သံသယစိတ်များဖြစ်ပွားပြီး လက်နက်ကိုင် ဆန့်ကျင်မှုအများအပြား ပေါ်ပေါက်ခဲ့ရသည်။

မြန်မာ့သမိုင်းကို ပြန်ပြောင်းကြည့်လျှင် တိုင်းရင်းသားများ စည်းလုံးညီညွတ်သည့် ကာလများ၌ နိုင်ငံ၏ အင်အားတောင့်တင်းခိုင်မာခဲ့ပြီး စည်းလုံးညီညွတ်မှုလျော့ပါးကာ အင်အားချည့်နဲ့လာသည့်အခါတွင် နိုင်ငံ၏အချုပ်အခြာအာဏာကို ထိပါးခံခဲ့ရသည်။

တပ်မတော်အစိုးရသည် နိုင်ငံ့တာဝန်ကို ယူခဲ့ရသည့်အချိန်မှစ၍ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန် အရေးသုံးပါး ဦးထိပ်ပန်ဆင်ပြီး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်(၁၂)ရပ်ကို ချမှတ်ဖော်ဆောင်ခဲ့သည်။

ထို့အပြင် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို အင်တိုက်အားတိုက် တည်ဆောက်ခဲ့သဖြင့် နိုင်ငံတော်၏ မှန်ကန်သော စေတနာကို နားလည်ခဲ့ကြသည့် တောတွင်းလက်နက်ကိုင် အဖွဲ့(၁၇)ဖွဲ့နှင့် အဖွဲ့ငယ်အများအပြားသည် ငြိမ်းချမ်းရေးကိုရယူကာ နိုင်ငံတော်နှင့် လက်တွဲလာခဲ့ကြသည်။

ယင်းကဲ့သို့ ငြိမ်းချမ်းရေးရယူခဲ့ကြသည့် အဖွဲ့အစည်းများနှင့် မိသားစုဝင်များအပါအဝင် ဒေသခံ တိုင်းရင်းသား ပြည်သူများသည် ယခုအခါ လူမှုစီးပွားရေးဘဝ မြင့်မားတိုးတက်ပြီး ငြိမ်းချမ်းရေး၏ အရသာကို ခံစားနေကြရပြီ ဖြစ်သည်။

ကရင်အမျိုးသားအစည်းအရုံး (KNU)/ ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော် (KNLA) ငြိမ်းချမ်းရေးကောင်စီ၏ ငြိမ်းချမ်းရေးအောင်ပွဲ ကြိုဆိုသည့်အခမ်းအနားကို ဖေဖော်ဝါရီ ၁၁ ရက်နေ့ နံနက် ၉ နာရီက ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ထို့ကော်ကိုးကျေးရွာ၌ ကျင်းပခဲ့သည်။

ကရင်ပြည်နယ်အတွင်း ငြိမ်းချမ်းသည့်ဒေသနှင့် မငြိမ်းချမ်းသောဒေသများ၏ ဖွံ့ဖြိုးမှု ကွာဟပုံကို တွေ့မြင်နေရ၍ ဒေသခံပြည်သူများက ငြိမ်းချမ်းရေးကို အထူးလိုလားတောင့်တခဲ့ကြသည်။ ထို့ကြောင့် ဒေသခံ ကရင်တိုင်းရင်းသားပြည်သူတို့၏ လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက်နိုင်ရန်အတွက် ကေအင်န်ယူလက်နက်ကိုင်အဖွဲ့အချို့သည် ပြည်တွင်းပြည်ပ ပယောဂနှင့် အနှောင့်အယှက် အဖျက်အဆီးများကြားက ပြတ်သားခိုင်မာသည့် ဆုံးဖြတ်ချက်ဖြင့် တပ်မတော်အစိုးရနှင့် ငြိမ်းချမ်းရေး တည်ဆောက်ခဲ့သည်။

ယခင်က ငြိမ်းချမ်းရေးနှင့် လက်တစ်ကမ်းအလိုအထိ မကြာခဏရောက်ရှိခဲ့ကြသော်လည်း ကရင်အမျိုးသားရေးနှင့် တိုက်ရိုက်မသက်ဆိုင်သည့် တောင်းဆိုမှုများကို နောက်မီးဆွဲများက ပြည်ပအလိုကျ ရှေ့တန်းတင်ခဲ့ခြင်းကြောင့် အကြိမ်ကြိမ်ပျက်ပြားခဲ့ရသည်။ ထို့ကြောင့် ကရင်ပြည်နယ်နှင့် ကရင်တိုင်းရင်းသားပြည်သူများ၏ ဖွံ့ဖြိုးတိုးတက်မှုများ လက်လွတ်ဆုံးရှုံးပြီး နှစ်ပေါင်း ၅၈နှစ်ကျော်ကြာ တိုင်အောင် စစ်၏ဆိုးကျိုးများကို ခါးစည်းခံခဲ့ကြရသည်။

တပ်မတော်အစိုးရ၏ စေတနာနှင့် မှန်ကန်သည့်လုပ်ဆောင်မှုကို ကရင်အမျိုးသားအစည်းအရုံး (KNU)/ ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော် (KNLA) ငြိမ်းချမ်းရေးကောင်စီက သိမြင်ပြီး ယခုကဲ့သို့ လက်တွဲဆောင်ရွက်ခြင်းသည် ကရင်အမျိုးသားလွတ်မြောက်ရေး တပ်မတော်၏သမိုင်းကို နိုင်ငံတော်၏သမိုင်းရေးလိုအပ်ချက်နှင့် ပေါင်းစပ်လိုက်ခြင်းပင်ဖြစ်သည်။ ထို့ပြင် လက်တွေ့ကျသော ကရင်အမျိုးသားလှုပ်ရှားမှုကို လုပ်ဆောင်လိုက်ခြင်းလည်း ဖြစ်ပေသည်။ အကြောင်းအမျိုးမျိုးကြောင့် ကျန်ရစ်ခဲ့သူများအနေဖြင့် လူတစ်စုအတွက် ငဲ့ကွက်မနေဘဲ ကရင်ပြည်နယ်တစ်ခွင် ငြိမ်းချမ်းရေး၊ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များတွင် စိတ်ရင်းစေတနာဖြင့် ပူးပေါင်းဆောင်ရွက်ရေးအတွက်လည်း နိုင်ငံတော်က လှိုက်လှဲနွေးထွေးစွာ လက်ကမ်းကြိုဆိုလျက်ရှိသည်။

နိုင်ငံတော်ကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်တည်ဆောက်နေချိန်တွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အလေးထားဖော်ဆောင်လျက်ရှိရာ ငြိမ်းချမ်းရေးရယူနိုင်ခြင်း မရှိသေးသော အဖွဲ့အစည်းအားလုံးကိုလည်း ဆက်လက်ကမ်းလင့်ကြိုဆိုရန် ငြိမ်းချမ်းရေးတံခါး အမြဲဖွင့်ထားလျက်ရှိပါကြောင်း နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ အခါသမယတွင် မင်္ဂလာသတင်းအဖြစ် ရေးသားလိုက်ရပေသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဆရာတော် ဘဒ္ဒန္တ ဝိမလ(ဦးစီးပဓာန နာယက) စလင်းကျောင်းတိုက် ကြည့်မြင်တိုင် မြို့နယ်က ဆွမ်းပဒေသာပင်နှင့် ဆေးပဒေသာပင်ငွေကျပ် တစ်သိန်းငါးသောင်းကို နှင်းဆီကုန်းဘိုးဘွား ရိပ်သာသို့ လာရောက်လှူဒါန်းရာ နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီး လက်ခံယူစဉ်။ (က-ပ)

ပျားထွက်ပစ္စည်းနှင့် မျိုးပျားအုံများ သရုပ်ပြထုတ်လုပ်နိုင်ရေး ရည်ရွယ် နေပြည်တော်ရှိ သရုပ်ပြပျားမွေးမြူရေးစခန်းတွင် ဥရောပမျိုးပျားအုံ ၃၀ မွေးမြူ

နေပြည်တော် ဖေဖော်ဝါရီ ၁၂

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းသည် တာဝန်ရှိသူများ လိုက်ပါလျက် ဖေဖော်ဝါရီ ၈ရက် ညနေ ၃နာရီခွဲက နေပြည်တော်ရှိ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ပျားလုပ်ငန်းဦးစီးဌာနမှ မွေးမြူထားသော သရုပ်ပြပျားစခန်း၌ ပျားရည်များ ထုတ်လုပ်နေမှုများကို သွားရောက် ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အဆိုပါ သရုပ်ပြ ပျားမွေးမြူရေးစခန်းတွင် ဥရောပမျိုးပျားအုံ ၃၀ မွေးမြူထားပြီး သရုပ်ပြပျားမွေးမြူရေးစခန်းကို ဝန်ကြီးရုံးပတ်ဝန်းကျင်ရှိ သီးနှံစိုက်ခင်းများ ပျားဝတ်မှုန်ကူးသီးနှံအထွက်တိုးရေး၊ ပျားရည်၊ ပျားထွက်ပစ္စည်းနှင့် မျိုးပျားအုံများ သရုပ်ပြထုတ်လုပ်နိုင်ရေးအတွက် ရည်ရွယ်ဖွင့်လှစ်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၃-၂-၂၀၀၇ (အင်္ဂါနေ့)

၇:၀၀ MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇:၀၅ အဖေ့နေရာ တရားတော် (အရှင်အာစာရာလင်္ကာရ ဆရာတော်)
၈:၀၀ ကလေးများနဲ့ ကျန်းမာရေး (ဒေါက်တာခင်စပယ်အေး)
၈:၁၀ Music Gallery (အိအိချွန်)
၈:၄၀ လမ်းပြကြယ်များ
၉:၀၀ တေးဂီတအစီအစဉ်
၉:၁၀ ပြည်တွင်းသတင်းအကျဉ်း
၉:၂၀ တေးဂီတအစီအစဉ်
၉:၂၅ Sunday Talk
၁၀:၁၅ တေးဂီတအစီအစဉ်
၁၀:၂၀ လူငယ်စွမ်းအား ပိုမြင့်မား တားဆီးတိုက်ဖျက် AIDS
၁၀:၄၅ နိုင်ငံတကာသတင်းအကျဉ်း
၁၀:၅၀ မေတ္တာပန်းတို့လန်းဆန်းရာ ဟသ်ာတမေတ္တာဝါဒီ ပရဟိတဂေဟာ
၁၁:၀၀ တေးဂီတအစီအစဉ်
၁၁:၀၅ မိုးလေဝသခန့်မှန်းချက်
၁၁:၁၀ ကာကွယ်ကယ်ဆယ်မီးဘေး အန္တရာယ် (အပိုင်း-၃)
၁၁:၄၀ ပြည်တွင်းသတင်းအကျဉ်း
၁၁:၅၀ တေးဂီတအစီအစဉ်
၁၁:၅၅ ပျော်ရွှင်စရာ မျက်လှည့်ကမ္ဘာ (အပိုင်း-၁)
၁၂:၁၀ နိုင်ငံတကာသတင်းအကျဉ်း
၁၂:၁၅ ရေငွေ့သုံးဆန်အရောင်တင်စက်
၁၂:၃၅ တေးဂီတအစီအစဉ်
၁၂:၄၀ မနီတို့၏ ရွာနှင့်မြစ်
၁:၀၀ MRTV-4 အပိတ် Logo

အထက်ပါ ခြောက်နာရီစာ အစီအစဉ်များကို နံနက် ၇နာရီမှ မွန်းလွဲ ၁နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁နာရီမှ ည ၇နာရီအထိ တစ်ကြိမ်၊ ည ၇နာရီမှ နံနက် ၁နာရီအထိ တစ်ကြိမ်၊ နံနက် ၁နာရီမှ နံနက် ၇နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

FA Cup ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၂:၂၅	Middlesbrough-Bristol City	5-Sports (Live)

မြဝတီရုပ်မြင်သံကြား

၁၃-၂-၂၀၀၇ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
၇:၄၅ ၆။ ဆိုကာရေးတီးပြိုင်ပွဲ အစီအစဉ်
၇:၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
၄:၁၅ ၄။ အလွမ်းတေးပန်းချီချစ်သူဆီ
၄:၃၅ ၅။ ဆိုကာရေးတီးပြိုင်ပွဲ အစီအစဉ်
၄:၅၅ ၆။ မျိုးချစ်တပ်မတော်
၅:၂၅ ၇။ ပညာခေတ်
၅:၄၀ ၈။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၀။ နိုင်ငံတကာသတင်း
၆:၂၀ ၁၁။ မိုးလေဝသသတင်း
၆:၃၀ ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၀ ၁၃။ လျှပ်တစ်ပြက်
၇:၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မြစ်တစ်စင်းရဲ့သံစဉ်"** (အပိုင်း-၂၀)
၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၇။ မွေးမြူသုတ
၁၈။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၁၉။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ရွှေမင်းသမီး"** (ဒုတိယတွဲ) (အပိုင်း-၂၂)

ကမာရွတ်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဒေါ်တင်တင်ဦးနှင့် ဝန်ထမ်းများ ဖေဖော်ဝါရီ ၆ ရက်က ရပ်ကွက်(၄) ပညာပါရမီစာကြည့်တိုက်နှင့် ရပ်ကွက်(၅) အလင်းရောင်စာကြည့်တိုက်တို့တွင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးစဉ်။ (မြို့နယ် ပြန်/ဆက်)

အထက(၁) တာမွေ အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၂

အထက(၁)တာမွေ (ကျောက်မြောင်း အစိုးရအထက်တန်းကျောင်း) တွင် ၁၉၄၅ -၁၉၆၅ ခုနှစ်အတွင်း ပညာသင်ကြားခဲ့သော ကျောင်းသား ကျောင်းသူဟောင်းများ၏ (၉)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၈ ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ယင်းကျောင်းရှိခန်းမ၌ ကျင်းပမည်ဖြစ်သည်။ အလှူငွေထည့်ဝင်လိုသူများသည် ဒေါ်ခင်သန်း ဖုန်း-၀၉-၉၉-၂၀၁၆၆၊ ဦးညွန့်တင် ဖုန်း-၅၄၀၉၁၇၊ ဦးလှထွန်း ဖုန်း-၅၄၅၅၁၃ ၊ ဦးလှဒွေး ဖုန်း-၅၄၈၆၃၉နှင့် ဦးစိန်ဝင်းမောင် ဖုန်း-၅၇၂၀၀၉ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က-ပ)**

● ရှေ့ဖုံးမှ

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် ၂၀၀၇ခုနှစ် နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ ညှော်ခံပွဲနှင့် ညစာစားပွဲသို့ တက်ရောက်လာကြသည့် ပြည်နယ်နှင့်တိုင်းအသီးသီးတို့မှ ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များနှင့် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်တိုင်းများမှ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ပြည်ထောင်စုနေ့ကိုယ်စားလှယ်များ၊ လူမှုရေး အသင်းအဖွဲ့ဝင်များနှင့် အထူးဧည့်သည်တော်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ၂၀၀၇ ခုနှစ်နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ညှော်ခံပွဲနှင့် ညစာစားပွဲသို့ တက်ရောက်လာကြသည့် ပြည်နယ်နှင့်တိုင်း အသီးသီးတို့မှ ပြည်ထောင်စုနေ့ကိုယ်စားလှယ်များနှင့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် တိုင်းများမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် အထူးဧည့်သည်တော်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် အခမ်းအနားသို့ တက်ရောက်လာကြသည့် ဧည့်သည်တော်များအား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

တက်ရောက်

အဆိုပါ ၂၀၀၇ခုနှစ် နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ဧည့်ခံပွဲနှင့် ညစာစားပွဲသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များနှင့် ၎င်းတို့၏ ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေး ဦးစီးချုပ်(လေ)၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ် နှင့် ၎င်းတို့၏ဇနီးများ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီဝင်များ၊ စီမံခန့်ခွဲမှုကော်မတီဝင်များ၊ ဒုတိယဝန်ကြီးများ၊ ဒုတိယစာရင်းစစ်ချုပ်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်နယ်နှင့် တိုင်းအသီးသီးတို့မှ ပြည်ထောင်စုနေ့ကိုယ်စားလှယ်များနှင့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းမှ သတင်းထောက်များ၊ နေပြည်တော်ရှိ ဆောက်လုပ်ရေးလုပ်ငန်းရှင်များ၊ ဘဏ်လုပ်ငန်းရှင်များ၊ ဟိုတယ်လုပ်ငန်းရှင်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

၂၀၀၇ခုနှစ် နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ ဧည့်ခံပွဲနှင့် ညစာစားပွဲ မကျင်းပမီနှင့် ညစာသုံးဆောင်နေစဉ်အတွင်း ဧည့်သည်တော်များအား မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့က ပဏ္ဏာမဧည့်ခံတီးလုံးဖြင့်လည်းကောင်း၊ မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့နှင့် တွဲဖက်၍ ပြည်ထောင်စုတိုင်းရင်းသား တိုင်းရင်းသူများနှင့် တေးသံရှင်များက တေးသံသာများဖြင့်လည်းကောင်း ဧည့်ခံဖျော်ဖြေကြသည်။

ဖျော်ဖြေတင်ဆက်

ညစာသုံးဆောင်အပြီးတွင် မြို့တော်ခန်းမဝင်းအတွင်းရှိ လဟာပြင်ကဇာတ်ရုံ၌ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရှင်များက **"အနုအလှသုခုမအက"**၊ ကယားပြည်နယ် တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များက **"မားဂေါ်တော် (ခေါ်) လုပ်ငန်းခွင်"** သရုပ်ဖော်အက၊ မွန်ပြည်နယ် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များက **"ရမ္မာဝတီ ယိမ်းအက"**၊ ရှမ်းပြည်နယ် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များက **"ရင့်ကျက်တဲ့ ပြည်ထောင်စုအသိ"**၊ ရခိုင်ပြည်နယ် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များက **"သျှိုင်ဒိုင်ယိမ်းအက"**၊ ကချင်ပြည်နယ် တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များက **"စည်းလုံးချစ်ကြည် ယုံကြည်မည်"** စုပေါင်းအက၊ ကရင်ပြည်နယ် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များက **"စုစည်းညီညီ စည်းလုံးမည်"**စုပေါင်းအက၊ တနင်္သာရီတိုင်း တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အဖွဲ့ဝင်များက **"ကမ်းရိုးတန်းက ဖိတ်ခေါ်သံ"**အက၊ ချင်းပြည်နယ် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များက **"ဒတ်လမ်း (ခေါ်) အောင်ပွဲခံအက"**၊ ပြည်နယ်နှင့်တိုင်းအသီးသီးတို့မှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက **"ပန်းဥယျာဉ်ဝယ် ဆိုကြ ကကြမယ်"** တေးသရုပ်ဖော် အစီအစဉ်တို့ဖြင့် သီဆိုတီးမှုတ် ကပြဖျော်ဖြေ တင်ဆက်ကြသည်။ **(သတင်းစဉ်)**

ယဉ်ကျေးမှုဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းစည်းဝေး ဝန်ကြီးဗိုလ်ချုပ်ခင်အောင်မြင့် အမှာစကားပြောကြား

နေပြည်တော် ဖေဖော်ဝါရီ ၁၂

ယဉ်ကျေးမှု ဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဖေဖော်ဝါရီ ၁၀ရက်တွင် နေပြည်တော်ရှိ ယဉ်ကျေးမှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့် တက်ရောက်၍ အမှာစကားပြောကြားသည်။

မှာကြား

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်များက မိမိတို့ ဦးစီးဌာနများအလိုက် ပြီးခဲ့သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှု၊ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများနှင့် ရှေ့လုပ်ငန်းစဉ်များကို လည်းကောင်း၊ ယဉ်ကျေးမှုတက္ကသိုလ် (ရန်ကုန်)နှင့် (မန္တလေး)တို့မှ ပါမောက္ခချုပ်များက ဝန်ထမ်း ရေးရာနှင့် သင်ကြားရေးဆိုင်ရာ အခြေအနေများကိုလည်းကောင်း၊ တက်ရောက်လာသူများက အထွေထွေကိစ္စရပ်များကို လည်းကောင်း ဆွေးနွေးတင်ပြကြရာ ဝန်ကြီးက လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်မှုများအပေါ် ခြုံငုံသုံးသပ်ပြီး လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်က နိဂုံးချုပ် အမှာစကား ပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နှစ်ထပ်ကျောင်းဆောင်သစ် ဖွင့်လှစ်

အလှူရှင် ဦးဟန်ထွန်းအောင်-ဒေါ်ခင်သောင်း (ထွန်းရတနာမိသားစု)တို့က ကျပ်သိန်း ၁၁၀၀ ကျော် အကုန်အကျခံ ဆောက်လုပ်လှူဒါန်းခဲ့သော ဒိုက်ဦး မြို့နယ် ပန်းခိုင်ကျေးရွာ အလက(ခွဲ) နှစ်ထပ်ကျောင်းဆောင်သစ်ကို ဖေဖော်ဝါရီ ၉ရက်က ဖွင့်လှစ်စဉ်။

(မြို့နယ် ပြန်/ဆက်)

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

အမေရိကန်တို့ ကမ္ဘာကြီးကို အင်အားသုံး လွှမ်းမိုးရန်ကြံစည် အလွန်အန္တရာယ်များသော ပဋိပက္ခများကိုဖန်တီး ပြဿနာများကိုလည်း မဖြေရှင်းနိုင်ကြောင်း သမ္မတပူတင် ဝေဖန်ပြစ်တင်

မြူးနစ် ဖေဖော်ဝါရီ ၁၂

အမေရိကန်နှင့်၎င်းတို့၏ အနောက်အုပ်စု မဟာမိတ်များသည် ကမ္ဘာကြီးကို အင်အားသုံးလွှမ်းမိုးရန် ကြံစည်အားထုတ်နေကြကြောင်း ရုရှားသမ္မတ ဗလာဒီမာပူတင်က ဖေဖော်ဝါရီ ၁၁ရက်တွင် ပြတ်ပြတ်သားသား ဝေဖန်ပြစ်တင်လိုက်သည်။

အမေရိကန်တို့သည် အန္တရာယ် ပြုလုပ်နေကြောင်း ဂျာမနီနိုင်ငံတွင် များသော ပဋိပက္ခများကို ဖန်တီး ကျင်းပလျက်ရှိသည့် လုံခြုံရေးနှင့် ကာကွယ်ရေးဆိုင်ရာ ထိပ်တန်းအရာရှိများ နှစ်ပတ်လည်အစည်းအဝေး၌ ရုရှားသမ္မတပူတင်က ပြောကြားလိုက်သည်။

ပြုလုပ်ဖန်တီး

အမေရိကန်တို့အနေဖြင့် ပဋိပက္ခများကိုလည်း ပြေလည်အောင် မဖြေရှင်းနိုင်ကြောင်း၊ သို့ရာတွင်အလွန်ဆိုးရွားသော ပဋိပက္ခပြဿနာများကိုလည်း ပြုလုပ်ဖန်တီးနေကြောင်း ရုရှားသမ္မတပူတင်က ဆက်လက်ပြောကြားသည်။

လုပ်ဆောင်

ထိုကဲ့သို့ပဋိပက္ခများကို ဖန်တီးနေခြင်းမှာ အလွန် အန္တရာယ်များကြောင်း၊ မည်သူမျှ စိတ်အေးချမ်းသာမှုရှိကြမည်မဟုတ်ကြောင်း၊ လက်ခံကြမည်လည်းမဟုတ်ကြောင်း၊ အပြည်ပြည်ဆိုင်ရာဥပဒေများအရ လုပ်ဆောင်သင့်ကြောင်း မစ္စတာပူတင်က ပြောကြားသည်။

မတည်ငြိမ်မှု

အီရတ်နိုင်ငံအား အမေရိကန်တို့ ကျူးကျော်ခဲ့မှုမှာ အလွန်ဆိုးရွားသော ပဋိပက္ခများနှင့် မတည်ငြိမ်မှု များကို ဖြစ်ပွားစေခဲ့ကြောင်းလည်း ၎င်းက ဆက်လက် ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

တရုတ်နှင့်ဆက်ဆံရေး တန်ဖိုးထား ပါကစ္စတန်ဝန်ကြီးချုပ် ပြောကြား

အစ္စလာမ္မာဘတ် ဖေဖော်ဝါရီ ၁၂

ပါကစ္စတန်နိုင်ငံက တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် နက်ရှိုင်းကျယ်ပြန့်စွာ ဆက်ဆံရခြင်းကို ဂုဏ်ယူဝမ်းမြောက်ကြောင်း ပါကစ္စတန်ဝန်ကြီးချုပ် ရှောကက် အဇစ်က ဖေဖော်ဝါရီ ၉ရက်တွင် ပြောကြားလိုက်သည်။

မိမိတို့ နှစ်နိုင်ငံအကြား သမိုင်းတစ်လျှောက် အစမ်းသပ်ခံသည့်ဆက်ဆံရေးမှာ မိမိတို့ အပြန်အလှန် အကျိုးစီးပွားကို ဖော်ဆောင်ကြောင်း၊ နှစ်နိုင်ငံ မဟာဗျူဟာမြောက် ပူးတွဲဆောင်ရွက်မှုက ဒေသတွင်းငြိမ်းချမ်းရေးနှင့်တည်ငြိမ်ရေးကို အထောက်အကူ ဖြစ်စေကြောင်း တရုတ်လက်ထောက်နိုင်ငံခြားရေး ဝန်ကြီးကူအိနှင့်တွေ့ဆုံစဉ် ပါကစ္စတန် ဝန်ကြီးချုပ်က ပြောကြားလိုက်ခြင်းဖြစ်သည်။

ပိုမိုနက်ရှိုင်း

ပါကစ္စတန်နိုင်ငံသို့ နိုဝင်ဘာလအတွင်း၌ သမ္မတ ဟူကျင်တောင် လာရောက်လည်ပတ်ခြင်းက နှစ်နိုင်ငံဆက်ဆံရေးကို ပိုမိုနက်ရှိုင်းကျယ်ပြန့်သွားစေကြောင်း၊ နှစ်နိုင်ငံလွတ်လပ်စွာကုန်သွယ်ရေးစာချုပ် ချုပ်ဆိုခြင်းသည် ဘက်စုံဆက်ဆံရေး ပိုမိုခိုင်မြဲစေရန် နှစ်ဖက်စလုံး ဆုံးဖြတ်ထားသည့် သက်သေသာဓကတစ်ခုပင်ဖြစ်ကြောင်း ၎င်းက ထည့်သွင်းပြောဆိုသည်။

တရုတ်နိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှင့် အံ့မခန်းပြုပြင်ပြောင်းလဲမှုကို ဖွံ့ဖြိုးရေး၊ ငြိမ်းချမ်းရေးနှင့် ကြွယ်ဝချမ်းသာရေးအတွက် ကြီးမားသော စံတစ်ခုအဖြစ် ပါကစ္စတန်နိုင်ငံက သဘောထားကြောင်း စသည်ဖြင့် ၎င်းက ပြောကြားသည်။**အမ်အင်န်အေ၊ဆင်ဟွာ**

အိပ်ရေးပျက်လျှင် ဦးနှောက်ဆဲလ် အသစ်များမဖြစ်ပေါ်နိုင်

လန်ဒန် ဖေဖော်ဝါရီ ၁၂

အိပ်ရေးပျက်သူများသည် ဦးနှောက်အတွင်းဆဲလ်အသစ်များ ထပ်မံထုတ်လုပ်ပေးနိုင်စွမ်းမရှိကြောင်း၊ ထို့ကြောင့် ဦးနှောက်နှင့်ပတ်သက်သော ရောဂါများဖြစ်ပွားနိုင်ဖွယ်ရှိကြောင်း လန်ဒန်သုတေသနပညာရှင်များက ပြောကြားလိုက်သည်။

ဓာတ်ခွဲခန်းအသုံးပြု ကြွက်များကို စမ်းသပ် စစ်ဆေးကြည့်သည့်အခါ အအိပ်အနေ နည်းပါးသော ကြွက်များသည် ဦးနှောက်ဖွံ့ဖြိုးမှု နည်းပါးသွားကြပြီး မှတ်ဉာဏ်လည်း ထိခိုက်လာသည်ကို တွေ့ရှိရသည်ဟု ၎င်းတို့က ပြောကြားသည်။ ထို့အပြင် ဦးနှောက်အတွင်း ဟိုမုန်းဓာတ် လျော့နည်းမှုကြောင့် ဦးနှောက်ကို ထိခိုက်မှုဖြစ်စေကြောင်း လန်ဒန်အမျိုးသား အကယ်ဒမီသိပ္ပံမှ သုတေသနပညာရှင်များက ပြောကြားသည်။

ချို့ယွင်း

ထို့ကြောင့် အအိပ်အနေ နည်းပါးသူများအနေဖြင့် ဦးနှောက်ထိခိုက်မှုဖြစ်စေပြီး **(ဓဲပုံ)** မှတ်ဉာဏ် ချို့ယွင်းမှုလည်း ဖြစ်စေနိုင်သဖြင့် အိပ်ရေးဝအောင် အိပ်သင့်ကြောင်း သုတေသန ပညာရှင်များက ဆက်လက် အကြံပြုထားသည်။

အိပ်ရေးပျက်မှုကြောင့် ဆုံးရှုံးသွားသော နဗ်ဆဲလ်များအား သီတင်းနှစ်ပတ်အတွင်း ပြန်လည် မဖြည့်ဆည်းနိုင်ပါက ဦးနှောက်ထိခိုက်မှု ဖြစ်စေနိုင်ကြောင်းလည်း ဒေါက်တာနီလ်စတန်လေက ပြောကြားသည်။**(အင်တာနက်)**

တရုတ်နိုင်ငံ ပေကျင်းမြို့၏ အကြီးမားဆုံး သံမဏိစက်ရုံကို ဖေဖော်ဝါရီ ၁၀ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဗန်ကောက်၌ ဘတ်စ်ကားတစ်စီး ဘရိတ်ပေါက်၍ စားသောက်ဆိုင်ထဲထိုးကျ

ဗန်ကောက် ဖေဖော်ဝါရီ ၁၂

ထိုင်းနိုင်ငံ ဗန်ကောက်မြို့တောင်ပိုင်း၌ ဖေဖော်ဝါရီ ၉ရက် နံနက်ပိုင်းက ဘတ်စ်ကားတစ်စီး အဆောက်အအုံတစ်ခုအတွင်းသို့ ထိုးဆင်းသွားခဲ့ရာလူ ၂၅ဦး ဒဏ်ရာရရှိသွားကြောင်း ထိုင်းမီဒီယာက သတင်းထုတ်ပြန်ခဲ့သည်။

ဘရိတ်ပေါက်

အဆိုပါ ဘတ်စ်ကားနံပါတ်မှာ ၁၆၃ဖြစ်ပြီး ခရီးသည် ၁၀၀ခန့် လိုက်ပါလာရာ ရာမာတံတားမှအဆင်း ဘရိတ်ပေါက်ပြီး စားသောက်ဆိုင်နှင့် အပ်ချုပ်ဆိုင်ထဲသို့ ထိုးကျခဲ့ကြောင်း နေးရှင်းသတင်းစာက ဖော်ပြသည်။

သတိမေ့လျော့

ဘတ်စ်ကားယာဉ်မောင်း ဆွမ်ဖွန်ဖရီချိုင်းက ရဲတပ်ဖွဲ့အား ပြောကြားရာတွင် လေဘရိတ်ပန့်မှ ရေများထွက်လာကြောင်း၊ ယင်းကဲ့သို့ဖြစ်ရခြင်းမှာ စောစီးစွာစစ်ဆေးရမည်ကို သတိမေ့လျော့ခဲ့ရခြင်းကြောင့်ဖြစ်ကြောင်း၊ ထို့ကြောင့် ဘရိတ်မှာ အလုပ်မလုပ်နိုင်ခဲ့ကြောင်း ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

နျူကလီးယားစွန့်ပစ္စည်းများ မြေတွင်းမြှုပ်ရေး သိပ္ပံပညာရှင်များ ထောက်ခံ

လန်ဒန် ဖေဖော်ဝါရီ ၁၂

ဗြိတိန်နိုင်ငံ၏ နျူကလီးယားစွန့်ပစ္စည်းများ မြေအောက်တွင်းနက်ထဲသို့ ချထားရေး အစိုးရ၏ အစီအစဉ်ကို သိပ္ပံပညာရှင်များက ထောက်ခံကြသည်။

ဗြိတိန်အစိုးရ၏ ထိုအစီအစဉ်နှင့် ပတ်သက်၍ မကျော်လွှားနိုင်သည့် အတားအဆီး အခက်အခဲမရှိကြောင်း သိပ္ပံနှင့်နည်းပညာနယ်ပယ်မှ ကျွမ်းကျင်သူများ၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။ ထိုအစီအစဉ် အမြန်အကောင်အထည်ဖော်ရန် ၎င်းတို့က ဗြိတိန်အစိုးရအား တိုက်တွန်းလိုက်သည်။

(အင်တာနက်)

ကော့စတာရီကာမြောက်ပိုင်း ပစိဖိတ်ကမ်းခြေဒေသ၌ ဥမှ ပေါက်ခါစ ပင်လယ်လိပ်များကို ဖေဖော်ဝါရီ၁၀ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

တူရကီ၌ မူးယစ်ဆေးဝါး ၅၆၅ကီလို ဖမ်းဆီးရမိ ဖမ်းဆီးရမိမှုသမိုင်းတွင် အများဆုံးဖြစ်ဟုဆို

အန်ကာရာ ဖေဖော်ဝါရီ ၁၂

တူရကီနိုင်ငံ အနောက်မြောက်ပိုင်း အီဒါနီပြည်နယ်ရှိ ကာပီကူလီ နယ်စပ်ဂိတ်၌ ဘိန်းဖြူ ၅၆၅ကီလိုကို တူရကီလုံခြုံရေးတပ်များက ဖမ်းဆီးရမိကြောင်း အနာတိုလီယာသတင်းအေဂျင်စီက ဖေဖော်ဝါရီ ၁၀ရက်တွင် သတင်းထုတ်ပြန်သည်။

ဘိန်းဖြူတွေ့ရှိ

တူရကီ လုံခြုံရေးတပ်များသည် တူရကီမှ နယ်သာလန်သို့ သွားရောက်သည့် ကုန်တင်ကားတစ်စီးကို ဖေဖော်ဝါရီ၈ရက်က ရပ်တန့်ရှာဖွေစဉ် ကားပေါ်၌ အထုပ်၄၂ထုပ်မှ အဆိုပါဘိန်းဖြူများကို တွေ့ရှိခဲ့ကြောင်း တူရကီနိုင်ငံခြားရေးဝန်ကြီး ကာဆက်တတ်ခ်မန်က ပြောကြားသည်ကို အဆိုပါသတင်းဌာနက ကိုးကား ဖော်ပြသည်။ယင်းမူးယစ်ဆေးဝါးဖမ်းဆီးရမှုမှာ တူရကီနိုင်ငံ မူးယစ်ဆေးဝါးဖမ်းဆီးရမိမှုသမိုင်းတွင် ပမာဏအများဆုံးဖြစ်ကြောင်း၊ ကာလဈေးကွက်တန်ဖိုးအနေဖြင့် အမေရိကန်ဒေါ်လာ ၂၈သန်းဖိုးရှိကြောင်း အဆိုပါဝန်ကြီးက ပြောကြားသည်။

မှောင်ခိုလမ်းကြောင်း

အဆိုပါ တရားမဝင်မူးယစ်ဆေးဝါးမှောင်ခိုမှုတွင် ပါဝင်ပတ်သက်သည့် လူ၁၄ဦးကိုလည်း ဖမ်းဆီးလိုက်ကြောင်း ၎င်းက ထပ်လောင်း ပြောကြားသည်။ တူရကီနိုင်ငံသည် အာရှအရှေ့အလယ်ပိုင်းနှင့် ဥရောပနိုင်ငံများသို့ မူးယစ်ဆေးဝါး အဓိကမှောင်ခိုရောင်းဝယ်ရာ လမ်းကြောင်းအဖြစ် တည်ရှိလျက်ရှိသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ဆုချီးမြှင့်

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ အထိမ်းအမှတ် အခြေခံပညာ အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူတစ်ဦးအား ဆုချီးမြှင့်စဉ်။

(သတင်းစဉ်)

ပြည်ထောင်စုနေ့အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာ၊ ပန်းချီ၊ ဆောင်းပါးပြိုင်ပွဲကျင်းပ တိုင်းမှူးဗိုလ်ချုပ်လှဌေးဝင်း တက်ရောက်၍ ဆုများပေးအပ်ချီးမြှင့်

ရန်ကုန် ဖေဖော်ဝါရီ ၁၂

ရန်ကုန်တိုင်း ၂၀၀၇ခုနှစ် နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ အထိမ်းအမှတ် အခြေခံပညာအဆင့် စာစီစာကုံး၊ ကဗျာ၊ ပန်းချီ၊ ဆောင်းပါးပြိုင်ပွဲဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ဦးဘလွင် ခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း တက်ရောက်၍ ဆုရရှိကြသည့် ကျောင်းသား ကျောင်းသူများအား ဆုများ ပေးအပ်ချီးမြှင့်သည်။

ရှေးဦးစွာ ကျောင်းသား ကျောင်းသူများက ရာသက်ပန် ပြည်ထောင်စု သီချင်းကိုသီဆို၍ အခမ်းအနားကို ဖွင့်လှစ်သည်။

စာစီစာကုံးပြိုင်ပွဲ

ထို့နောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းက အမှာစကားပြောကြားပြီး အခြေခံပညာ အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲ၌ ပထမဆုရ အထက(၂) လမ်းမတော်မှ မဆုနှင်းလာဘ်၊ဒုတိယဆုရ အလက (၂) ဒေါပုံမှ မဆောင်းနှင်းသူ၊ တတိယ ဆုရ အထက(၄) အလုံမှ မနေနွယ် ထွန်း၊ အလယ်တန်းအဆင့် စာစီစာကုံး ပြိုင်ပွဲ၌ ပထမဆုရ အလက (၂)ဒေါပုံမှ မမို့မို့အောင်၊ ဒုတိယဆုရ အလက(၂) ဗဟန်းမှ မမေနီလာဝင်း၊ တတိယ ဆုရ အလက(မြို့မ) ကျောက်တန်းမှ မနွေးဇာခြည်တို့အား ဆုများချီးမြှင့် သည်။

ကဗျာပြိုင်ပွဲ

ဆက်လက်၍ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်း လင်းက အထက်တန်းအဆင့် ကဗျာ ပြိုင်ပွဲ၌ ပထမဆုရ အထက(၁) လမ်းမတော်မှ မနွယ်နီနေဝင်း၊ ဒုတိယ ဆုရ အထက(၁) လမ်းမတော်မှ မောင်ဖြိုးမင်းခိုင်၊ တတိယဆုရ အလက (၃) အလုံမှ စောပရင့်စ်သာဘွား၊ အလယ်တန်း အဆင့် ကဗျာပြိုင်ပွဲ၌ ပထမဆုရ အထက(၂) အင်းစိန်မှ မထက်ထက်လွင်သိန်း၊ ဒုတိယဆုရ အထက(၄) ကြည့်မြင်တိုင်မှ မသီရိ သက်မွန်နှင့် တတိယဆုရ အလက (၃)အလုံမှ မယမင်းဦးတို့အား ဆုများ ချီးမြှင့်သည်။

ပန်းချီပြိုင်ပွဲ

ယင်းနောက် ရန်ကုန်တိုင်းအမျိုး သမီးရေးရာအဖွဲ့ နာယက ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေ က အထက်တန်းအဆင့် ပန်းချီပြိုင်ပွဲ၌ ပထမဆုရ အထက (၆) အလုံမှ မောင်ခိုင်ဝင်းခန့်၊ ဒုတိယဆုရ အထက ကျောက်တံတားမှ မောင်အောင် ကောင်းခန့်၊ တတိယဆုရ အထက ကျောက်တံတားမှ မဆုရတနာထွန်း၊ အလယ်တန်းအဆင့် ပန်းချီပြိုင်ပွဲ၌ ပထမဆုရ အထက(၂) လသာမှ မပွင့်မြတ်သူ၊ ဒုတိယဆုရ အထက(၂) လသာမှ မအေးမြတ်သူနှင့် တတိယ ဆုရ ရန်ကင်းပညာရေး ကောလိပ် လေ့ကျင့်ရေး အလယ်တန်းကျောင်းမှ မအိသွယ်ဇော်တို့အား ဆုများချီးမြှင့် သည်။

ဆောင်းပါးပြိုင်ပွဲ

ထို့နောက် ပညာရေးဝန်ကြီးဌာန အမှတ်(၃) အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့် က အထက်တန်းအဆင့် ဆောင်းပါး ပြိုင်ပွဲ၌ ပထမဆုရ အလက(၃) အလုံမှ မောင်တိုးခိုင်ဦး၊ ဒုတိယဆုရ အထက (၁) မင်္ဂလာဒုံမှ မကျော့ကျော့နိုင်၊ တတိယဆုရ အထက (၁) သဃ်္ဃန်း ကျွန်းမှ မောင်ကောင်းထက်ကျော်၊ အလယ်တန်းအဆင့် ဆောင်းပါးပြိုင်ပွဲ၌ ပထမဆုရအလက(၅)တောင်ဥက္ကလာပ မှ မစိုးသီတာအေးနှင့် ဒုတိယဆုရ အလက(၂) ပန်းဘဲတန်းမှ မစန်းနုနုနိုင် တို့အား ဆုများချီးမြှင့်သည်။

ထို့နောက် ကျောင်းသား ကျောင်း သူများက ကမ္ဘာတည်သရွေ့ သီချင်း ဖြင့် သီဆို၊ကပြဖျော်ဖြေကြပြီး အခမ်း အနားကို ရုပ်သိမ်းလိုက်သည်။

ကြည့်ရှုအားပေး

အခမ်းအနားအပြီးတွင် တိုင်းမှူး၊ မြို့တော်ဝန်နှင့် ဧည့်သည်တော်များသည် ခန်းမအတွင်း၌ပြသထားသည့် ဆုရ ကျောင်းသား ကျောင်းသူများ၏ စာစီ စာကုံး၊ ကဗျာ၊ ဆောင်းပါးနှင့် ပန်းချီ လက်ရာများကို ကြည့်ရှုအားပေးကြ ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့အလင်း အင်တာနက်သတင်း အတိုအထွာ

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ဈေးများ၌ ဗုံးသုံးလုံးပေါက်ကွဲခဲ့ရာ အနည်းဆုံး လူ ၅၅ ဦး သေဆုံးခဲ့ကြောင်း ဖေဖော်ဝါရီ၁၂ရက် အင်တာနက်သတင်းတွင် ဖော်ပြသည်။

ဘဂ္ဂဒက်မြို့ ရှော်ဂျာဈေး၌ ဗုံးနှစ်လုံးပေါက်ကွဲရာ လူ ၄၆ဦးသေဆုံးပြီး ၁၅၀ ဒဏ်ရာရရှိကာ ယင်းနေ့ တစ်နာရီခွဲအကြာ ဘတ်အယ်ရှာကျီဈေး၌ ပါဆယ်ဗုံးပေါက်ကွဲရာ လူ ၁၀ဦး သေဆုံးခဲ့သည်ဟု ဆိုသည်။

လော့စ်အိန်ဂျလိစ်မြို့၌ ၂၀၀၇ ခုနှစ်အတွက် ဂရမ်မီဆုပေးပွဲကျင်းပ ခဲ့ရာ ဒိုင်စီချစ်အဖွဲ့က အကောင်းဆုံး မှတ်တမ်း၊ အကောင်းဆုံးအယ်လ်ဘမ်နှင့် အကောင်းဆုံးသီချင်းဆုများ ဆွတ်ခူးနိုင်ခဲ့ကြောင်း ဖေဖော်ဝါရီ ၁၂ ရက်က အင်တာနက်သတင်းတွင် ဖော်ပြသည်။

အီရတ်နိုင်ငံရှိ ရှီးယားတိုက်ခိုက်ရေးသမားများအား အီရန်နိုင်ငံက လက်နက်များ ထုတ်ပေးနေသည်ဟု အမေရိကန်က စွပ်စွဲခဲ့သည်ကို အီရန် နိုင်ငံက ပယ်ချလိုက်ကြောင်း ဖေဖော်ဝါရီ၁၂ရက်က အင်တာနက်သတင်း အဖြစ် ဖော်ပြသည်။

ဩစတြေးလျ သုတေသနပညာရှင်များသည် သေဆုံးသူများ၏ ရုပ်အလောင်းများကို စစ်ဆေး သုတေသနပြုခဲ့ရာ ၃၈ နာရီကြာတိုင်း အရက်ကြောင့် သေဆုံးသူတစ်ဦး တွေ့ရှိခဲ့သဖြင့် အရက်သောက်သုံးခြင်းသည် ချိန်ကိုက်ဗုံးသဖွယ် ဖြစ်လာကြောင်း သုံးသပ် တင်ပြထားသည်ကို ဖေဖော်ဝါရီ၁၂ရက်က အင်တာနက်သတင်းတွင် ဖော်ပြသည်။

တရုတ်နိုင်ငံရှိ မဟာတံတိုင်းကြီးကို ပထမဆုံးအကြိမ်အဖြစ် တိုင်းတာမှု များ ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ယင်းတံတိုင်းကြီးသည် ခန့်မှန်းခြေအားဖြင့် မိုင်ပေါင်း ၃၁၀၀ ရှည်လျားကြောင်း ဖေဖော်ဝါရီ ၁၂ ရက်က အင်တာနက် သတင်းတွင် ဖော်ပြသည်။

အိန္ဒိယနိုင်ငံ၏ အကြီးဆုံး အလူမီနီယံထုတ်လုပ်ရေးကုမ္ပဏီဖြစ်သော ဟင်ဒယ်ကိုလုပ်ငန်းအုပ်စုက အမေရိကန်-ကနေဒါ ဖက်စပ် အလူမီနီယံ ကုမ္ပဏီ နိုဗီလစ်ကို အမေရိကန်ဒေါ်လာ ၅ဒသမ၉ဘီလီယံနှင့် ဝယ်ယူရန် သဘောတူညီလိုက်ကြောင်း ဖေဖော်ဝါရီ ၁၂ရက်က အင်တာနက်သတင်း တစ်ရပ်တွင် သတင်းဖော်ပြသည်။

(အင်တာနက်)

ဖေဖော်ဝါရီ ၁၂ရက်က နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့အခမ်းအနားကို ဗဟန်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှပေးပို့သော ပြည်ထောင်စုနေ့သဝဏ်လွှာကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးအောင်မွန်လတ်က ဖတ်ကြားစဉ်။ (မြန်မာ့အလင်း)

သန်လျင်မြို့နယ် နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ရက်က သီဟဒီပ အားကစား ကွင်း၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော ပြည်ထောင်စုနေ့သဝဏ်လွှာကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ဌေးက ဖတ်ကြားစဉ်။ (ခရိုင် ပြန်/ဆက်)

ဖေဖော်ဝါရီ၁၂ရက်က နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ အခမ်းအနားကို သာကေတမြို့နယ် အထက(၁) မြဝတီခန်းမ၌ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော သဝဏ်လွှာကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြကြိုင်က ဖတ်ကြားစဉ်။ (၃၀၂)

ပြည်ထောင်စုနေ့ ဂုဏ်ပြု ပခုက္ကူမြို့တွင် မြို့တွင်းကတ္တရာလမ်းများဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၁၂

၂၀၀၇ခုနှစ် နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ပခုက္ကူမြို့ မြို့တွင်းလမ်းများဖြစ်သည့် အမှတ်(၁၁) ရပ်ကွက်ရှိ (၃)လမ်း၊ အမှတ်(၄)ရပ်ကွက်ရှိ နေသူရိမ်လမ်း၊ အောင်တော်မူလမ်းအပိုင်း(၁)၊ ရုပ်စုံ ကျောင်းလမ်း အပိုင်း(၂)၊ အမှတ်(၂) ရပ်ကွက် အောင်တော်မူလမ်း အပိုင်း (၂)နှင့် ကျောက်စေတီလမ်းများကို ဖေဖော်ဝါရီ ၉ရက်က ဖွင့်လှစ်ခဲ့ကြ သည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ယင်းသို့ ဖွင့်လှစ်ရာတွင် အမှတ် (၁၁) ရပ်ကွက်ရှိ (၃)လမ်းကို မကွေး တိုင်း စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးညိုဝင်းမြင့်၊ ပခုက္ကူ ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး ရေး ကောင်စီဥက္ကဋ္ဌ ဦးတင်မောင်စိုးနှင့် လမ်းဖြစ်မြောက်ရေး ကော်မတီဝင် ဦးဝင်းစိန်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ် ပေးကြပြီး ကျန်လမ်းကို တာဝန်ရှိသူ များနှင့် အလှူရှင်များက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ အဆိုပါလမ်းများ မှာ အရှည်ပေ၃၇၈၀၊အကျယ် ၁၂ ပေ ရှိသည်။

ဖွင့်လှစ်

ပခုက္ကူမြို့နယ် စည်ပင်သာယာရေး အဖွဲ့အနေဖြင့် ၂၀၀၆-၂၀၀၇ ခု ဘဏ္ဍာ ရေးနှစ်အတွင်း မြို့တွင်းကတ္တရာ လမ်း ၂၀၊ စုစုပေါင်း အရှည်မိုင် သုံးမိုင်ခန့် ကို ပြည်သူလူထုနှင့် ပူးပေါင်း၍ ဆောင်ရွက်ရန် လျာထားသတ်မှတ် ထားခဲ့ရာ (၅၉)နှစ်မြောက် လွတ်လပ် ရေးနေ့ အထိမ်းအမှတ်အဖြစ် ကတ္တရာ လမ်းခြောက်လမ်း ဖွင့်လှစ်ပေးခဲ့ပြီး ယခုတွင် စုစုပေါင်း ကတ္တရာလမ်း ၁၂လမ်း ဖွင့်လှစ်ပြီးဖြစ်ကြောင်း သတင်း ရရှိသည်။

(သတင်းစဉ်)

နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့အခမ်းအနား ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်၌ စည်ကားသိုက်မြိုက်စွာကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၂

ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊ တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားရေး၊ ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး၊ နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်းပြည်ပ အဖျက်သမားများ၏အန္တရာယ်ကို တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေး၊ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး တည်းဟူသော နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များဖြင့် အနှစ်သာရပြည့်ဝစွာ ကျင်းပသည့် ရန်ကုန်တိုင်း ၂၀၀၇ခုနှစ် **နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ ပြည်သူ့ရင်ပြင်၌** ကျင်းပသည်။

သဝဏ်လွှာဖတ်ကြား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော သဝဏ်လွှာကို သဘာပတိ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် လှဌေးဝင်း ဖတ်ကြားစဉ်။

(သတင်းစဉ်)

နိုင်ငံတော်အလံအလေးပြု

နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့အခမ်းအနားကို ရန်ကုန်မြို့ ပြည်လမ်းရှိ ပြည်သူ့ရင်ပြင်၌ကျင်းပရာ သဘာပတိအဖွဲ့ဝင်များ ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံကို အလေးပြုကြစဉ်။ (သတင်းစဉ်)



အဆိုပါအခမ်းအနားသို့ ရန်ကုန်တိုင်းအတွင်းရှိ ခရိုင်နှင့် မြို့နယ်များကို ကိုယ်စားပြုသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ သူနာပြုများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ ပါဝင်သော ပြည်သူလူထု စုစုပေါင်း အင်အား ၉၅၀၀ကျော် ပါဝင်သော စစ်ကြောင်းအသီးသီးတို့သည် နံနက်၅ နာရီခွဲမှစတင်၍ ပြည်သူ့ရင်ပြင်အတွင်းသို့ ဝင်ရောက်နေရာယူကြသည်။

တက်ရောက်

ထို့အတူ အခမ်းအနားသို့ ရန်ကုန်တိုင်း စစ်ဌာနချုပ်နှင့် ရန်ကုန်တိုင်းအတွင်းရှိ တပ်နယ်အသီးသီးမှ တပ်မတော်အရာရှိကြီးများ၊ တိုင်း၊ ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ အခမ်းအနားကျင်းပရေး ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ကော်မတီဝင်များနှင့် ဌာနမှူးများ၊ ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ တိုင်းနှင့် ခရိုင်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အစိုးရမဟုတ်သော လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များနှင့် ယဉ်ကျေးမှုတက္ကသိုလ်မှ တိုင်းရင်းသား တိုင်းရင်းသူများ စုစုပေါင်း အင်အား ၅၀၀ကျော်တို့လည်း တက်ရောက်ကြသည်။

ဖတ်ကြား

ရှေးဦးစွာ အခမ်းအနားမှူး ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးလှစိုးက နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့အခမ်းအနား အစီအစဉ်များကို ဖတ်ကြားကြေညာသည်။

နေရာယူ

ထို့နောက် အခမ်းအနားကို နံနက် ၇နာရီခွဲတွင် သတ်မှတ် အစီအစဉ်အတိုင်း ကျင်းပရာ ဂုဏ်ပြုတပ်ခွဲနှင့် စစ်တီးဝိုင်းတပ်ဖွဲ့တို့သည် ပြည်သူ့ရင်ပြင်အတွင်းရှိ သတ်မှတ်နေရာအသီးသီး၌ နေရာယူကြသည်။

ယင်းနောက် သဘာပတိ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း နှင့် သဘာပတိအဖွဲ့ဝင်များဖြစ်ကြသော ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ရန်ကုန်တိုင်း စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကြီးမြင့်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ရန်ကုန်တိုင်း အတွင်းရေးမှူး ဦးအေးမြင့်နှင့် ပြည်နယ်၊ တိုင်း ကိုယ်စားပြု ကချင်တိုင်းရင်းသား ကိုယ်စားလှယ် ဦးအယ်လ်ဇော်ရှိုင်းတို့သည် ယဉ်ကျေးမှုတက္ကသိုလ်မှ တိုင်းရင်းသားတိုင်းရင်းသူများခြံရံလျက် ပြည်သူ့ရင်ပြင်ရှိ စင်မြင့်ထက်၌ နေရာယူကြသည်။

ထို့နောက် ဂုဏ်ပြုတပ်ခွဲနှင့် စစ်တီးဝိုင်းတပ်ဖွဲ့တို့က ဦးဆောင်၍ အခမ်းအနားသို့ တက်ရောက်လာကြသော ပြည်သူလူထုကြီးက စင်မြင့်ထက်ရှိ ငွေဖလား၌ စိုက်ထူထားသော ပြည်ထောင်စု မြန်မာနိုင်ငံတော်အလံကို အလေးပြုကြသည်။

ထို့နောက် ဂုဏ်ပြုတပ်ခွဲနှင့် စစ်တီးဝိုင်းတပ်ဖွဲ့တို့က ဦးဆောင်၍ တက်ရောက်လာကြသော ပြည်သူလူထုကြီးက ပြည်ထောင်စုမြန်မာနိုင်ငံတော် အလံကို အလေးပြုကြသည်။

သဝဏ်လွှာဖတ်ကြား

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ၂၀၀၇ခုနှစ် နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာကို သဘာပတိ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းက ဖတ်ကြားသည်။

ယင်းနောက် သဘာပတိနှင့် သဘာပတိအဖွဲ့ဝင်များသည် ယဉ်ကျေးမှုတက္ကသိုလ်မှ တိုင်းရင်းသားတိုင်းရင်းသူများခြံရံလျက်ပြည်သူ့ရင်ပြင်မှ ပြန်လည်ထွက်ခွာသွားကြသည်။

ပြန်လည်ထွက်ခွာ

ထို့အတူ ဂုဏ်ပြုတပ်ခွဲနှင့် စစ်တီးဝိုင်းတပ်ဖွဲ့တို့သည်လည်း အစီအစဉ်အတိုင်း ပြည်သူ့ရင်ပြင်မှ ပြန်လည်ထွက်ခွာသွားကြသည်။

ထို့နောက် တက်ရောက်လာကြသည့် စစ်ကြောင်းအသီးသီးတို့သည်လည်း ပြည်သူ့ရင်ပြင်အတွင်းမှ ပြန်လည်ထွက်ခွာကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ဖေဖော်ဝါရီ၁၂ရက်က နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့အခမ်းအနားကို ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ခန်းမတွင် ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော သဝဏ်လွှာကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနိုင်ဝင်းက ဖတ်ကြားစဉ်။
(၄၀၀)

ဖေဖော်ဝါရီ ၁၂ရက်က နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့အခမ်းအနားကို တာမွေမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမတွင် ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော ပြည်ထောင်စုနေ့သဝဏ်လွှာကို မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိန်မောင်ဝင်းက ဖတ်ကြားစဉ်။
(၁၁၅)

ရန်ကုန်တိုင်းစစ်ဌာနချုပ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကြီးမှူး ပြည်ထောင်စုနေ့အထိမ်းအမှတ် မူလတန်းကြိုကလေးငယ်များ ဘက်စုံစွမ်းရည်ပြိုင်

ရန်ကုန် ဖေဖော်ဝါရီ ၁၂

ရန်ကုန်တိုင်း စစ်ဌာနချုပ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းက ကြီးမှူးကျင်းပသော ပြည်ထောင်စုနေ့အထိမ်းအမှတ် မူလတန်းကြိုကလေးငယ်များ၏ ကာယ၊ဉာဏ ဘက်စုံစွမ်းရည်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ၁၀ရက် မွန်းလွဲ၂နာရီက ရန်ကုန်တိုင်းစစ်ဌာနချုပ်ခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း တက်ရောက်အားပေး ချီးမြှင့်သည်။



ရှေးဦးစွာ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေက ရင်သွေးငယ်များ ကာယ၊ ဉာဏ ဘက်စုံဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ကြည့်ရှုအားပေး

ထို့နောက် တိုင်းမှူးနှင့်ဇနီး၊ ဧည့်သည်တော်များသည် တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက်ရှိ တပ်ရင်း၊ တပ်ဖွဲ့ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းခွဲများမှ မူလတန်းကြိုကလေးငယ်များ၏ ချစ်စရာ့အရွယ် ကစားကြမယ်ပြိုင်ပွဲကိုလည်းကောင်း၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ပုံပြင်ပြောပြိုင်ပွဲနှင့် သီချင်းဆိုပြိုင်ပွဲများ၌ ပထမဆုရရှိသည့် ကလေးငယ်များ၏ ကဗျာ၊ပုံပြင်၊ သီချင်းရွတ်ဆိုပြသမှုကို လည်းကောင်း၊ ကာယ၊ ဉာဏ ဘက်စုံစွမ်းရည်ပြိုင်ပွဲဝင်ကလေးငယ်များ၏ အဆို၊အက နှင့်တေးသရုပ်ဖော် တင်ဆက်ဖျော်ဖြေမှုများကိုလည်းကောင်း ကြည့်ရှုအားပေးကြသည်။ **(အပေါ်ပုံ)**

ဆုနှင့်လက်ဆောင်ပစ္စည်းများပေး

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းနှင့်ဇနီး ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေ၊ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီး ကျော်ကျော်ထွန်းနှင့်ဇနီး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်မေလတ်၊ ရန်ကုန်တိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များက ပြိုင်ပွဲများ၌ ဆုရရှိကြသည့် ကလေးငယ်များနှင့် ပြိုင်ပွဲဝင်ကလေးငယ်များအား ဆုများနှင့် လက်ဆောင်ပစ္စည်းများကို ပေးအပ်ချီးမြှင့်ကြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် စေတနာရှင် အလှူရှင်များက ကလေးငယ်များ ကာယ၊ ဉာဏဘက်စုံစွမ်းရည်ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အလှူငွေကျပ် ၃၆၅၀၀၀၀ ကို ပေးအပ်လှူဒါန်းကြရာ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌက လက်ခံသည်။

ယင်းနောက် ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌက ကာယ၊ ဉာဏဘက်စုံစွမ်းရည်ပြိုင်ပွဲ၌ ဆုရရှိကြသည့် တပ်ရင်း၊ တပ်ဖွဲ့ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းခွဲများအား ဆုများကိုလည်းကောင်း၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌက အမှတ်ပေးဒိုင်အဖွဲ့ဝင်များအား ဂုဏ်ပြုလက်ဆောင်များကိုလည်းကောင်း ပေးအပ်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

အစ်ကိုဦးတန်ရှုဆိုင်အား ရည်စူး၍ ရန်ကုန်မြို့ လမ်းမတော်မြို့နယ် (၁၈)လမ်း အမှတ် ၁၂၈နေ ဦးမြင့်ရွှေ-ဒေါ်စောရီ မိသားစုက ဒဂုံမြို့နယ် အမှတ်(၁၆) စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ်တစ်သိန်းကို ပိဋကဆရာတော် ဘဒ္ဒန္တစာရိန္ဒာသဘထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ=နိ(ရန်ကုန်ဌာန) အတွင်းရေးမှူး ဦးကျော်စိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ပျော်ဘွယ်မြို့နယ် ညောင်ကုန်းနှင့်ရန်အောင်ကျေးရွာအုပ်စု လူထုတွေ့ဆုံပွဲ ဝန်ကြီးဦးအောင်သောင်း တက်ရောက်၊ အသင်းဝင်အဆိုပြုလွှာလက်ခံ

နေပြည်တော် ဖေဖော်ဝါရီ ၁၂

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်းသည် ဖေဖော်ဝါရီ ၁၀ရက် နံနက်ပိုင်းက မန္တလေးတိုင်း ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့ ညောင်ကုန်းကျေးရွာရှိ ဘုရားကြီး ကျောင်းတိုက်သို့ရောက်ရှိပြီး ဗုဒ္ဓဝိဟာရကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တဝါယမိန္ဒအား သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများအား ဆက်ကပ်လှူဒါန်းသည်။

အဆိုပြုလွှာလက်ခံ

ဆက်လက်၍ ဗဟိုအတွင်းရေးမှူး ဝန်ကြီးသည် ညောင်ကုန်းကျေးရွာ တွဲဖက်အထက်တန်းကျောင်း၌ ကျင်းပသော ပျော်ဘွယ်မြို့နယ် ညောင်ကုန်းကျေးရွာအုပ်စု ကျေးရွာလူထုတွေ့ဆုံပွဲသို့ တက်ရောက်ပြီး ကျေးရွာအုပ်စု ပြည်သူများ၏ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အသင်းဝင်အဆိုပြုလွှာ၁၁၂၀ ကို လက်ခံသည်။

ဆက်လက်၍ ညောင်ကုန်းကျေးရွာ တွဲဖက်အထက်တန်းကျောင်းအတွက် အလှူရှင် ဦးတင်ဦးမိသားစုက ငွေကျပ် သုံးသိန်း၊ ဦးမောင်ညို-ဒေါ်ဒေါင်းမိသားစုက ငွေကျပ်နှစ်သိန်းကို ပေးအပ်ရာ ညောင်ကုန်းတွဲဖက်အထက်တန်းကျောင်း ကျောင်းအုပ်ကြီး ဒေါ်မြမြက လက်ခံသည်။

ထို့နောက် ညောင်ကုန်းကျေးရွာမှ ဦးကြည်လွင်က အသင်းဝင် အဆိုပြုလွှာ ပေးအပ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ ရပ်မိ၊ ရပ်ဖများက မိမိတို့ကျေးရွာ အုပ်စုများ၏ ပညာရေး၊ ကျန်းမာရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးမှုအခြေအနေနှင့် လမ်းပန်းဆက်သွယ်မှုအခြေအနေများကိုကဏ္ဍအလိုက် တင်ပြကြရာ ဗဟိုအတွင်းရေးမှူး ဝန်ကြီးက တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီးသည်ညောင်ကုန်းတွဲဖက်အထက်တန်းကျောင်း ပညာရေး ရန်ပုံငွေကျပ် ၁၀သိန်း၊ဒီးဒုတ်ကုန်း မူလတန်းကျောင်း ပညာရေးရန်ပုံငွေကျပ်နှစ်သိန်းနှင့် ကျေးလက်ပြည်သူများ ကျန်းမာရေးအတွက် မြွေဆိပ်ဖြေဆေး၁၀ လုံးကို သက်ဆိုင်ရာ တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းသည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ ဗဟိုအတွင်းရေးမှူး ဝန်ကြီးသည် ပျော်ဘွယ်မြို့နယ် ရန်အောင်ကျေးရွာ ဇေယျထောင်တောရကျောင်းဆရာတော် ဦးဝိလာသအား သင်္ကန်းအစရှိ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ဗဟို အတွင်းရေးမှူး ဝန်ကြီးသည် ရန်အောင် ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ၌ ကျင်းပသော ရန်အောင်ကျေးရွာအုပ်စု လူထုတွေ့ဆုံပွဲသို့ တက်ရောက်ပြီး ကျေးရွာအုပ်စုပြည်သူများ၏ အသင်းဝင် အဆိုပြုလွှာ ၁၈၀၀ ကို လက်ခံသည်။

ထို့နောက် ရန်အောင်ကျေးရွာမှ ဦးသန်းအေးက အဆိုပြုလွှာပေးအပ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရပ်မိရပ်ဖများက ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်မှုများကို တင်ပြကြသည်။

ဖြည့်ဆည်းပေး

ယင်းနောက် ဗဟိုအတွင်းရေးမှူးက တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးပြီး တလင်းကုန်းကျေးရွာအခြေခံပညာမူလတန်းကျောင်းပြုပြင်ရန် သွပ်အချပ် ၂၀၀၊ ဆိတ်ချိုကျေးရွာအုပ်စု အုန်းပင်သာ အခြေခံပညာမူလတန်း ကျောင်းပြုပြင်ရန် ဘိလပ်မြေအိတ် ၁၀၀ကို ပေးအပ်လှူဒါန်းသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးသည် ပျော်ဘွယ်မြို့ အနော်ရထာလမ်းထောင့်ရှိ ဝင်းသူဇာအရောင်းဆိုင် တည်ဆောက်မည့် မြေနေရာကို ကြည့်ရှုစစ်ဆေးပြီး ပျော်ဘွယ်မြို့နယ်မှ ဒေသခံတောင်သူများအား လက်ဆောင် ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း ပြည်တွင်းသတင်းအတိုအထွာ

နောင်ကားကျေးရွာဖွံ့ဖြိုးမှု အရှိန်အဟုန်ရနေ

နိုင်ငံတော်က ဒေသဖွံ့ဖြိုးရေးအတွက် ကျေးရွာချင်းဆက်လမ်းများ၊ တံတားများကို ဒေသအလိုက် ဖောက်လုပ်တည်ဆောက်ပေးလျက်ရှိရာ ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့နယ် ကျောက်တလုံးကြီးမြို့ နောင်ကားစံပြကျေးရွာတွင် ဖွံ့ဖြိုးတိုးတက်မှုများ အရှိန်အဟုန်ရနေပြီဖြစ်သည်။

လယ်ဝေးမြို့၌ စာပေဟောပြော

ပျဉ်းမနားခရိုင် လယ်ဝေးမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့နှင့် မင်းပြင်ကျေးရွာ အမှန်မြင် စာကြည့်တိုက် ကြီးကြပ်မှုကော်မတီတို့၏ ဦးဆောင်မှုဖြင့် စာဆိုတော်နေ့ အထိမ်းအမှတ် ဒုတိယအကြိမ် စာပေဟောပြောပွဲကို ဇန်နဝါရီ ၂၁ ရက်က မင်းပြင်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၌ကျင်းပရာ စာရေးဆရာ ချစ်နိုင်(စိတ်ပညာ)နှင့် ညွှန့်ဟံ(ကြူတော)တို့က ဟောပြောခဲ့ကြသည်။

သီလဝါဆိပ်ကမ်းသို့ စက်ပစ္စည်းများရောက်ရှိ

ရန်ကုန်တိုင်း သန်လျင်မြို့နယ်ရှိ သီလဝါဆိပ်ကမ်းသို့ အမှတ်(၂)စက်မှုဝန်ကြီးဌာန မြန်မာ့မော်တော်ယာဉ်နှင့် ဒီဇယ်အင်ဂျင်ထုတ်လုပ်မှုလုပ်ငန်း၏ မြေထိုးစက်၊ မြေတူးစက်ထုတ်လုပ်မှုစက်ရုံ စီမံကိန်း(သာဂရ)အတွက် စက်ပစ္စည်းများ ကွန်တိန်နာဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တတိယအသုတ်အဖြစ် ဖေဖော်ဝါရီ ၁၀ ရက်က ရောက်ရှိခဲ့ကြောင်း သိရသည်။

ပြည်ထောင်စုနေ့ဂုဏ်ပြု ထပ်ပိုးကတ္တရာလမ်းဖွင့်

နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်း ကြို့ပင်ကောက်မြို့နယ်တွင် မင်းခေါင်ကျော် ထပ်ပိုးကတ္တရာလမ်းဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၅ရက် နံနက်၈နာရီက ကျင်းပခဲ့ကြောင်းသိရသည်။

မြန်မာ-တရုတ် နယ်စပ်ဆက်ဆံရေးရုံး ထူထောင်မည်

မြန်မာ-တရုတ် နှစ်နိုင်ငံ လူကုန်ကူးမှု ပူးပေါင်းတိုက်ဖျက်ရေးအတွက် နယ်စပ်ဆက်ဆံရေးရုံးထူထောင်ရေး ပထမအကြိမ် အစည်းအဝေးကို ဖေဖော်ဝါရီ ၇ရက်နှင့် ၈ရက်များက တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရွှေလီမြို့၌ ကျင်းပခဲ့ရာ အဆိုပါအစည်းအဝေးတွင် မူဆယ်မြို့နှင့် ရွှေလီမြို့တို့၌ နယ်စပ်ဆက်ဆံရေးရုံးထူထောင်ပြီး လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်ရန် သဘောတူညီခဲ့ကြကြောင်းသိရသည်။

ကျေးရွာစာကြည့်တိုက် အဆောက်အအုံလွှဲပြောင်းပေးအပ်

မန္တလေးတိုင်း သာစည်မြို့နယ် ဆည်ကြီး(မ) ကျေးရွာ လူငယ်များ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် အဆောက်အအုံသစ် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၀ရက်က အဆိုပါစာကြည့်တိုက်တွင်ကျင်းပခဲ့သည်။ စာကြည့်တိုက် အဆောက်အအုံသစ်ကို ကျေးရွာလူထုစုပေါင်း တည်ဆောက်ခဲ့ခြင်း ဖြစ်သည်။

ကျပန်းစကားပြောပြိုင်ပွဲကျင်းပ

(၆၂)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ကျပန်းစကားပြောပြိုင်ပွဲကို ဇန်နဝါရီ ၃၀ရက်က ချင်းပြည်နယ် ဖလမ်းမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ ပထမဆုကို ကျောင်းသူ မနိုင်နိုင်မော်၊ ဒုတိယဆုကို မေရီဇန်နယ်မွေး၊ တတိယဆုကို မကျုံးဇမွေးတို့က အသီးသီးရရှိခဲ့ကြသည်။

စက်မှု(၁)ဝန်ထမ်းများ ထမနဲထိုးပွဲ

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ထမ်းများ၏ ပထမအကြိမ် ထမနဲထိုးပွဲကို ဖေဖော်ဝါရီ ၆ရက် နံနက် ၈နာရီက နေပြည်တော်ရှိ အမှတ်(၁)စက်မှုဝန်ကြီးဌာန ရုံးဝင်းဘေး၌ကျင်းပရာ ဝန်ထမ်းများ တပျော်တပါး ပါဝင်ဆင်နွှဲခဲ့ကြသည်။

အဆင့်မြင့်ကုန်စည်ပြပွဲနှင့် ဈေးရောင်းပွဲဖွင့်လှစ်

မန္တလေးတိုင်း ပျော်ဘွယ်မြို့ လွတ်လပ်ရေးကျောက်တိုင်ကွင်းတွင် အောင်ဖြိုးဝင်း စီးပွားရေးအဖွဲ့က ဦးဆောင်သည့် အဆင့်မြင့်ကုန်စည်ပြပွဲနှင့်ဈေးရောင်းပွဲတော်ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ၁၈ ရက် နံနက် ၁၀နာရီက ကျင်းပရာ နယ်မြေခံ တပ်နယ်မှ ဗိုလ်မှူးချုပ်လှမြင့်၊ မြို့နယ်အတွင်းရေးမှူးနှင့် ကုမ္ပဏီဒါရိုက်တာ ဦးဝင်းလွင်တို့က ဖွင့်လှစ်ပေးကြသည်။

ပြည်နယ်နှင့်တိုင်း စက်ဘီးစီးပြိုင်ပွဲ ဗိုလ်လုပွဲ

(၃၇)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အမျိုးသား၊ အမျိုးသမီးစက်ဘီးစီးပြိုင်ပွဲဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲကို ဖေဖော်ဝါရီ၁၀ရက် နံနက်၁၀နာရီက ရန်ကုန်မြို့ လူငယ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)၌ ကျင်းပရာ ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။ (မြန်မာ့အလင်း)

မြေပုံမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၂

မြေပုံမြို့နယ်အသင်း(ရန်ကုန်)၏ န၀မအကြိမ်သင်းလုံးကျွတ်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ၁၈ရက်(တနင်္ဂနွေနေ့)နံနက် ၉နာရီတွင် ရန်ကုန်မြို့ အာဇာနည်လမ်းရှိ ရခိုင်ပြည်နယ်ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

၂၀၀၆ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့ကြသော အသင်းဝင်များ၏ သားသမီးများသည် အထောက်အထားများနှင့်အတူ ဦးကျော်လှ အမှတ် ၄၀၊ ၃၁လမ်း ရန်ကုန်မြို့ ဖုန်း-၂၅၃၃၇၃နှင့် ၂၄၈၂၂၇တို့သို့ ဆက်သွယ်ပေးပို့ကြပါရန် မြို့နယ်သူ၊ မြို့နယ်သားများ အသင်းဝင်လိုသူများနှင့် အသင်းသူအသင်းသားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြရန်နှင့် အလှူငွေများ လှူဒါန်းနိုင်ပါကြောင်း နှိုးဆော်ထားသည်။ **(က-ပ)**

နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့

အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနား နေပြည်တော်၌ ခမ်းနားထည်ဝါစွာ ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၂

ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊ တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားရေး၊ ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီကာကွယ်ထိန်းသိမ်းရေး၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်းပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသား စည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေး၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေးဟူသော အမျိုးသားရေးဦးတည်ချက်များနှင့်အညီ နိုင်ငံရေးအနှစ်သာရပြည့်စွာဖြင့် ၂၀၀၇ ခုနှစ် နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော် မြို့တော်ခန်းမရင်ပြင်၌ ခမ်းနားထည်ဝါစွာ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ တပ်မတော်အရာရှိကြီးများ၊ ၂၀၀၇ ခုနှစ် နှစ်(၆၀) ပြည့် ပြည်ထောင်စုနေ့ ကျင်းပရေး ဗဟိုကော်မတီဝင်များ၊ စီမံခန့်ခွဲမှုကော်မတီဝင်များနှင့် ဆပ်ကော်မတီဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး၊ တွဲဖက်အထွေထွေအတွင်းရေးမှူး၊အတွင်းရေးမှူးများနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ဗဟိုရုံးအကြီးအကဲများ၊ ဝန်ကြီးဌာနအသီးသီးမှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ရုံးအဖွဲ့မှူးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ ဝန်ကြီးချုပ်ရုံး၊ အစိုးရအဖွဲ့ရုံး၊ ဝန်ကြီးဌာနများ၊ တရားရုံးချုပ်၊ ရှေ့နေချုပ်ရုံး၊ စာရင်းစစ်ချုပ်ရုံးနှင့် ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ရုံးတို့မှ အရာထမ်း အမှုထမ်းများ၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီဝင်များ၊ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ပျဉ်းမနားခရိုင်နှင့် ပျဉ်းမနား၊ လယ်ဝေးနှင့် တပ်ကုန်းမြို့နယ်တို့မှ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် ပညာရေးမှူးများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဒေသရေးရာညှိနှိုင်းရေးမှူးများ၊ ပြည်နယ်နှင့်တိုင်း အသီးသီးမှ နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များနှင့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များ၊ ခရိုင်နှင့် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ စစ်မှုထမ်းဟောင်းအဖွဲ့၊ ကြက်ခြေနီနှင့် အရန်မီးသတ်တပ်ဖွဲ့များမှ ကိုယ်စားလှယ်များနှင့် ဒေသခံပြည်သူများ စုစုပေါင်းအင်အား ၉၀၀၀ ကျော်တို့ တက်ရောက်ကြသည်။

ဝင်ရောက်နေရာယူ

ရှေးဦးစွာ အခမ်းအနားသို့ တက်ရောက်ကြမည့် ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များနှင့် ပြည်သူများသည် နံနက်၅နာရီမှစတင်၍ စုရပ်အသီးသီးမှ အခမ်းအနားကျင်းပမည့် မြို့တော်ခန်းမ ဥပစာရင်ပြင်ရှိ သတ်မှတ်နေရာများ၌ စနစ်တကျ ဝင်ရောက်နေရာယူကြသည်။

နိုင်ငံတော်အလံလွှင့်ထူ

ထို့နောက် နံနက်၅နာရီခွဲ တွင် ၂၀၀၇ ခုနှစ် နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ အလံတင်အခမ်းအနားကို ကျင်းပရာ အလံတင်တပ်စုက ပြည်ထောင်စု မြန်မာနိုင်ငံတော်အလံအား လွှင့်တင်သည်။

ဆက်လက်၍ နံနက် ၇ နာရီခွဲတွင် ၂၀၀၇ ခုနှစ် နှစ်(၆၀)ပြည့်ပြည်ထောင်စုနေ့ နိုင်ငံတော်အလံ အလေးပြုပွဲ အခမ်းအနားကို ကျင်းပရာ တပ်မတော် (ကြည်း၊ ရေ၊ လေ) ဂုဏ်ပြုတပ်ဖွဲ့က မြို့တော်ခန်းမ ဥပစာရှိ ရင်ပြင်သို့ ချီတက်နေရာယူသည်။

ရောက်ရှိ

ယင်းနောက် ၂၀၀၇ ခုနှစ် နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး

နိုင်ငံတော်အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြုပွဲကျင်းပ

၂၀၀၇ ခုနှစ် နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ နိုင်ငံတော် အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနားကို နေပြည်တော် မြို့တော်ခန်းမရင်ပြင်၌ ကျင်းပစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုနေ့ အခိဋ္ဌာန်

* ဒို့ပြည်(ပြေ) ဒို့မြေ၊ ဒို့ပိုင်ရေသည်
သန္ဓေအနှစ်၊ အမွေစစ်မို့
ဆိုးညစ်မခံ၊ မျိုးချစ်မာန်ဖြင့်
ပြန်လည်ဆောင်မြန်း၊ လွတ်လပ်ပန်းလျှင်
ပွင့်လန်းဝေဆာ၊ ယနေ့ခါတည့်။

* လွတ်လပ်ပန်းကား၊ ဆင်မြန်းဆောင်ဖော်
တပ်မတော်နှင့်၊ သေသော်မခွဲ
အမြဲအတူ၊ ရိုင်းပင်းကူသည့်
ပြည်သူသားချင်း၊ စည်းလုံးခြင်း၏
အရင်းအမြစ်၊ ကေန်ဖြစ်၏။

* ကိုယ့်ပြည်ကိုယ့်မင်း၊ ကိုယ့်အဆင်းနှင့်
တိုင်းရင်းချစ်ကြည်၊ တွဲလက်ညီစွာ
ဒို့ညီနောင်ထု၊ တည်ထောင်ပြုသည့်
"ပြည်ထောင်စု"ကို
ယခုမှဆက်၊ ပိုတိုးတက်အောင်
ဘက်စုံဝန်ထမ်း၊ မပျက်တမ်းလျှင်
ကြိုးပမ်းကြစို့၊ သားချင်းတို့။

* အို...ချစ်ဆွေငဲ့
ကြိုးစားရန်
နိုးကြားသန်
အမျိုးသားမာန်။ ။

မျိုးမြတ်မြတ်မြင့်မောင်

ဖတ်ကြား

ဖေဖော်ဝါရီ၁၂ရက်က လှိုင်သာယာမြို့နယ် နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ အခမ်းအနားကို အထက(၁)ရှေ့ မြက်ခင်းပြင်၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော ပြည်ထောင်စုနေ့ သဝဏ်လွှာကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်သိန်းမောင်က ဖတ်ကြားစဉ်။ (၁၈၀)

သဝဏ်လွှာ ဖတ်ကြား

ဖေဖော်ဝါရီ၁၂ရက်က ရန်ကင်းမြို့နယ် နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ အခမ်းအနားကို အထက(၁)၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော ပြည်ထောင်စုနေ့ သဝဏ်လွှာကို ရန်ကင်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကိုကိုအောင်က ဖတ်ကြားစဉ်။ (က-ပ)

ဗိုလ်မှူးချုပ်ဝေလွင် ရောက်ရှိလာပြီး စင်မြင့်ပေါ်၌ နေရာယူသည်။

အလေးပြု

ထို့နောက် တိုင်းမှူးက ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူပြီး ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ တိုင်းမှူးနှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများက ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံအား အလေးပြုကြရာ ဂုဏ်ပြုတပ်ဖွဲ့က နိုင်ငံတော်သီချင်းကို တီးမှုတ်ပေးသည်။

သဝဏ်လွှာဖတ်ကြား

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ၂၀၀၇ခုနှစ် နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာကို ၂၀၀၇ခုနှစ် နှစ်(၆၀)ပြည့်ပြည်ထောင်စုနေ့ ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်က ဖတ်ကြားသည်။

ထို့နောက် တိုင်းမှူးအား ဂုဏ်ပြုတပ်ဖွဲ့က အလေးပြုပြီး တိုင်းမှူး ပြန်လည်ထွက်ခွာသွားကာ ဂုဏ်ပြုတပ်ဖွဲ့နှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများသည် မြို့တော်ခန်းမ ဥပစာရင်ပြင်မှ စနစ်တကျ ပြန်လည်ထွက်ခွာကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရောင်စုံမီးများထွန်းညှိ

၂၀၀၇ခုနှစ် နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အဖြစ် နေပြည်တော်ရှိ အစိုးရရုံး အဆောက်အအုံများ၊ မြို့တော်ခန်းမ၊ လမ်းဆုံအဝိုင်းများ၊ ကျောင်းများနှင့် ဝန်ထမ်းအိမ်ရာ အဆောက်အအုံများတွင် ရောင်စုံမီးများ ထွန်းညှိထားကြသည်။

(သတင်းစဉ်)

ဖတ်ကြား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ၂၀၀၇ ခုနှစ် နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာကို ၂၀၀၇ ခုနှစ် နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင် ဖတ်ကြားစဉ်။ (သတင်းစဉ်)

တိပိဋကဆရာတော်ကြီးများ ဓမ္မသဘင်ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၂

ရန်ကုန်တိုင်း ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ၈၇ ရပ်ကွက် မဟာဓမ္မိကာရာမကျောင်းတိုက် မဟာအတုလရံသီ ဆုတောင်းပြည့်စေတီတော်မြတ်ကြီး၏ (၅၁)ကြိမ်မြောက် ဗုဒ္ဓပူဇနိယ ဘုရားပွဲတော်၌ အကြိုဓမ္မပူဇော်ပွဲအဖြစ် ဖေဖော်ဝါရီ ၂၄ ရက်တွင် ဘဒ္ဒန္တ သီလက္ခန္ဓာဘိဝံသ (မော်ကျွန်းဆရာတော်)၊ ၂၅ ရက်တွင် ဘဒ္ဒန္တ ဂန္ဓမာလာလင်္ကာရ (မြင်းခြံဆရာတော်)၊ ၂၆ ရက်တွင် ဘဒ္ဒန္တ ကုဏ္ဍလ (ရမ္မာဝတီဆရာတော်)၊ ၂၇ ရက်တွင် ဘဒ္ဒန္တ ဝံသပါလာ လင်္ကာရ (မြင်းမူဆရာတော်)၊ ၂၈ ရက်တွင် ဘဒ္ဒန္တ သုန္ဒရ (စွန်းလွန်းဆရာတော်)၊ မတ် ၁ ရက်တွင် ဘဒ္ဒန္တ ဝါယာမိန္ဒာဘိဝံသ (ရေစကြိုဆရာတော်)၊ ၂ ရက်တွင် ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ (ယောဆရာတော်)တို့က ညစဉ် ၇ နာရီ၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားတော်မူကြမည်ဖြစ်ကြောင်း သိရသည်။

(က–ပ)

၂၀၀၇ ခုနှစ် နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့အထိမ်းအမှတ်အဖြစ် နေပြည်တော်ရှိ မြို့တော်ခန်းမတွင် ရောင်စုံမီးများ ထွန်းညှိထားကြစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၁၃–၂–၂၀၀၇ ရက် (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀	၁။	အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့ အတူ ကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇း၅၀	၅။	ကဗျာပန်းဥယျာဉ်
၈း၀၀	၆။	အကပြိုင်ပွဲ
၈း၀၅	၇။	နှောင်းခေတ်တေးပဒေသာ
၈း၁၅	၈။	နမ္မတီးတံတား(ကံလှ)
၈း၂၀	၉။	တေးဂီတအစီအစဉ်
၈း၃၀	၁၀။	International News
၈း၄၅	၁၁။	Let's Go

ညပိုင်း

၁၆း၀၀	၁။	စစ်ချီတေး၊စစ်သည်တေး
၁၆း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၁၆း၃၀	၃။	အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ်(သတ္တဗေဒ အထူးပြု) (သတ္တဗေဒ)
၁၆း၄၅	၄။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁၆း၅၅	၅။	နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၁၇း၁၀	၆။	**"ဆွေမျိုးတော်ပေမယ့်"** ဒုရဲမှူးတင်လင်း၊ ဆောင်းအိမ်ငြွေထွန်း၊ ဇေဒါ (ဒါရိုက်တာ–သက်တင်)
၁၇း၁၅	၇။	တေးဂီတအစီအစဉ်
၁၇း၂၅	၈။	ဆိုကြမယ်၊ ပျော်ကြမယ်
၁၈း၀၀	၉။	ညနေခင်းသတင်း
၁၈း၃၀	၁၀။	မိုးလေဝသအခြေအနေ
၁၈း၃၅	၁၁။	ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၁၈း၅၀	၁၂။	နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်ညီမငယ်ပါသေး"** (အပိုင်း–၁၆)
၁၉း၄၅	၁၃။	ပြည်ထောင်စုစိတ်ဓာတ် မပြတ်ရင့်သန်ခိုင်မာရန်မှာ ဒို့ဝန်တာ (အသီးတစ်ရာ အညှာတစ်ခု ဒို့ပြည်ထောင်စု)
၂၀း၀၀	၁၄။	ပြည်တွင်းသတင်း
	၁၅။	နိုင်ငံတကာသတင်းများ
	၁၆။	မိုးလေဝသအခြေအနေ
	၁၇။	နိုင်ငံခြားဇာတ်လမ်းတွဲ **"တကယ်သဘောကျတယ်"** (အပိုင်း–၂၄)
	၁၈။	နောက်တစ်နေ့အစီအစဉ်
	၁၉။	အစီအစဉ်ပြီး၏။

ပြည်ထောင်စုနေ့အထိမ်းအမှတ် စွန်ဖြတ်သရုပ်ပြပွဲနှင့် စွန်အလှပြပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၂

မြန်မာ့ရိုးရာ အားကစားအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ၂၀၀၇ခုနှစ် နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့အထိမ်းအမှတ် စွန်ဖြတ်သရုပ်ပြပွဲနှင့် စွန်အလှပြပွဲကို ယနေ့ နံနက် ၉ နာရီက အားကစားနှင့် ကာယပညာဦးစီးဌာန အားကစားနှင့်ကာယပညာသိပ္ပံကျောင်း ဘောလုံးကွင်း (ကျိုက္ကဆံကွင်း)၌ ကျင်းပသည်။

ရှေးဦးစွာ စွန်ဖြတ်သရုပ်ပြပွဲနှင့် စွန်အလှပြပွဲများကို သတ်မှတ်ထားသည့် အစီအစဉ်အတိုင်း ကျင်းပကြသည်။

ဂုဏ်ပြုဆုချီးမြှင့်

ယင်းနောက် ပြိုင်ပွဲများအပြီးတွင် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေ အတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်၊ မြန်မာ့ရိုးရာ အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများကို အလှည့်ကျ ပေးအပ်ချီးမြှင့်ကြသည်။

လှူဒါန်း

ထို့နောက် စွန်ဝါသနာရှင်နှင့် စွန်လုပ်ငန်းရှင် ဦးချစ်ဆွေက မြန်မာ့ရိုးရာ အားကစားအဖွဲ့ချုပ်သို့ အလှူငွေကျပ်တစ်သိန်းလှူဒါန်းရာ မြန်မာ့ရိုးရာ အားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ရီရီဝင်းက လက်ခံကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပန်းတစ်ပွင့်တောင် ဆရာတော်ထံ အလှူငွေနှင့် ဟင်းသီးဟင်းရွက်များ ဆက်ကပ်

ရန်ကုန် ဖေဖော်ဝါရီ ၁၂

ပန်းတစ်ပွင့်တောင်ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာသာရ အရှင်သူမြတ်က ကြီးမှူး၍ ပန်းတစ်ပွင့်တောင်ထွတ်ပေါ်ရှိ စကြာရှင် ဇမ္ဗူအေးဆယ့်တစ်မီးငြိမ်းစေတီတော်မြတ် ရင်ပြင်တော်ပေါ်တွင် ကိုးတောင်ပြည့်စေတီ ၂၇ ဆူနှင့် နဂါးရုံဘုရားကိုးဆူ တည်ထားလျက်ရှိရာ စမ်းချောင်းမြို့နေ ဦးမြင့်သန်း–ဒေါ်သန်းသန်း၊ သမီး မတင်နုလွင်မိသားစုက အရံစေတီတစ်ဆူ၊ ခေတ္တစင်ကာပူနေ ဒေါက်တာစိန်ဝင်းမေ မိသားစုက အရံစေတီတစ်ဆူ၊ မင်္ဂလာဒုံမြို့နယ်နေ ဦးတင်ထွေး–ဒေါ်ခင်လှမိသားစုက အရံစေတီတစ်ဆူအတွက် ငွေကျပ်ကိုးသိန်းစီကို လည်းကောင်း၊ ဖူးကြီးနေ ဒေါ်မေလှသူက ငွေကျပ် သုံးသိန်းကို လည်းကောင်း၊ အင်းစိန် တည်းကုန်း ကုန်စိမ်းမိသားစုက ပန်းတစ်ပွင့်တောင်ဆရာတော်နှင့် သံဃာတော်များ ဘုရားဖူးနှင့် တရားနာပရိသတ်များအား ဆက်ကပ်ကျွေးမွေးရန်အတွက် ဟင်းသီးဟင်းရွက်များ စုပေါင်းလှူဒါန်းကြရာ ဆရာတော်နှင့် ဆွမ်းစားကျောင်း ဆရာတော်တို့က အလှူခံကြသည်။

ဆက်သွယ်လှူဒါန်းနိုင်

ပန်းတစ်ပွင့်တောင်ဆရာတော်မှ နဂါးရုံဘုရား၊ အရံစေတီ ၃၆ ဆူမှ အများကောင်းမှု နဂါးရုံဘုရား သုံးဆူနှင့် အရံစေတီခြောက်ဆူ တည်ထားမည်ဖြစ်ရာ ရုပ်ပွားဆင်းတုတော်တစ်ဆူ ငွေကျပ် ၁၅၀၀၀၀၊ သဲတစ်ကျင်း ငွေကျပ် ၁၅၀၀၀၊ အုတ် ၁၀၀၀ ငွေကျပ် ၃၅၀၀၀၊ ကျောက်တစ်ကျင်း ငွေကျပ် ၄၅၀၀၀၊ ဘိလပ်မြေတစ်အိတ် ငွေကျပ် ၅၅၀၀ ဖြင့်လည်းကောင်း၊ နဂါးရုံစေတီတစ်ဆူ၊ အရံစေတီတစ်ဆူ ငွေကျပ်ကိုးသိန်းဖြင့် လည်းကောင်း လှူဒါန်းလိုသူများသည် ပန်းတစ်ပွင့်တောင်ဆရာတော် ဖုန်း–၀၅၅–၂၀၂၅၃၊ ၀၅၅–၂၀၅၅၃၊ ဦးကျော်ဝင်း ဖုန်း–၀၁–၆၄၂၆၂၅၊ ဒေါ်တင်တင်ဝင်း ဖုန်း–၀၁–၆၄၃၅၈၁ နှင့် ဒေါ်ထက်ထက်အေး ဖုန်း–၀၁–၅၇၉၈၀၅၊ ၅၆၂၁၂၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ဖေဖော်ဝါရီ ၁၂ ရက်က ရန်ကုန်အရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာပမြို့နယ် (၄)ရပ်ကွက် မေတ္တာ ၂ လမ်း နိုင်လွန်ကတ္တရာလမ်းဖွင့်ပွဲအခမ်းအနားကို လမ်းထိပ်မုခ်ဦး၌ ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဟန်ဝင်းအောင်၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးကျော်ကျော်စိုး၊ ရပ်ကွက်ဥက္ကဋ္ဌ ဦးကြည်သိန်းနှင့် လမ်းဖြစ်မြောက်ရေး ကော်မတီဥက္ကဋ္ဌ ဦးသိန်းလွင်တို့က နိုင်လွန်ကတ္တရာလမ်းအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (က–ပ)

အရှင်ဥတ္တရ(မဟာစည်)တရားပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁၂

ဇဟန်းမြို့နယ် မဟာစည်သာသနာ့ရိပ်သာ သီတာအေးကျောင်းဆရာတော် အရှင်ဥတ္တရ (သာသနဓဇ ဓမ္မာစရိယ) သည် ဖေဖော်ဝါရီ ၁၇ ရက်မှ ၂၈ ရက်အထိ ကျောက်တန်းမြို့နယ် မင်္ဂလွန်းကျေးရွာ တရားစခန်း၊ မတ် ၃ ရက်၊ ၄ ရက်၊ ၅ ရက်တွင် ရေနံချောင်းမြို့နယ် ပင်းဘုရားကုန်းကျေးရွာ ကိုငြိမ်းငွေ–မနွယ်နွယ်ဦးတို့၏ ရဟန်းခံရှင်ပြု အလှူမင်္ဂလာပွဲ၊ ၆ ရက်မှ ၁၂ ရက်အထိ ရေနံချောင်းမြို့နယ် ငါးလန္တာကျေးရွာ ရွာဦးကျောင်း တရားစခန်း၊ ဧပြီ ၁ ရက်မှ ၈ ရက်အထိ ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးဗြဲမြို့ တရားစခန်း၊ ၁၂ ရက်မှ ၁၈ရက်အထိ မကွေးမြို့ ပန်းရစ်တောင် မဟာစည် သာသနာ့ရိပ်သာ တရားစခန်း၊ ၂၁ ရက်မှ ၃၀ ရက်အထိ ကယားပြည်နယ် လွိုင်ကော်မြို့ ဝိမုတ္တိသုခ မဟာစည်သာသနာ့ရိပ်သာ တရားစခန်းတို့တွင် တရားတော်များ ဟောကြားမည်ဟု သိရသည်။ **(က–ပ)**

ဖေဖော်ဝါရီ ၁၂ ရက်က နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့အထိမ်းအမှတ် မိသားစု ပျော်ပွဲရွှင်ပွဲနှင့် နိဗ္ဗာန်ဈေးပွဲတော်ဖွင့်ပွဲကို သာကေတမြို့နယ် ရွှေခင်းသာအဆင့်မြင့်အိမ်ရာတိုက် (B.2, B.3)တွင် ကျင်းပရာ ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်တင်က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။ (မြန်မာ့အလင်း)

စာရေးဆရာသည် လူမုန်းခံရ၊ အသတ်ခံရတတ်၏

ငါးမင်းဆွေ

လွန်ခဲ့သောလေးနှစ်က အမေအသည်းအသန်ဖြစ်၍ ကျိုက္ခမီတွင် ကျွန်တော်တို့မောင်နှမများ ဆုံဖြစ်ကြသည်။ အစ်ကို ကိုစောအုန်းက "မင်းဆွေ၊မင်းလဲ ပျောက်နေတာပဲ၊ ဘာတွေလုပ်နေသလဲ"ဟု မေးသဖြင့် "ကျွန်တော်စာရေးနေတယ်အစ်ကို"ဟု ဖြေလိုက်ပါသည်။ ထိုအခါ အစ်ကို ကိုစောအုန်းက "င့ါညီက တယ်ဟုတ်ပါလား၊ ဘာစာတွေရေးနေတုန်း၊ ရည်းစားစာတော့ မဖြစ်နိုင်ဘူး"ဟု ကျီစယ်ပါသည်။

ကျွန်တော်လည်း မနေသာတော့ဘဲ "ကျွန်တော်တို့ မသေမီ"ဆိုသည့် စာအုပ်တစ်အုပ်ကို ပြုစုရေးသားနေကြောင်း၊ မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး တို့ကိုရေးသားထားကြောင်း ဆက်ပြောမိရာ အစ်ကို ကိုစောအုန်းက "ဟော့-မင်းဆွေ၊ ကြည့်လဲလုပ်ဦးကွာ၊ စာရေးဆရာဆိုတာ လူမုန်းခံရတတ်တယ်"ဟူ၍ လည်းကောင်း၊ အစ်မငယ် မစောမြင့်ကလည်း "ဟုတ်တယ် မင်းဆွေ၊ ငါဆို ဟိုစာရေးဆရာကို နုပ်နုပ်စဉ်းပစ်ချင်တယ်"ဟူ၍ လည်းကောင်း ပြောလာကြပါသည်။ အစ်မငယ်၏ စကားကြောင့် ကျွန်တော် ပြုံးလိုက်မိသည်။ တော်တော်ကြာ သူနုပ်နုပ်စဉ်းချင်သော လူစာရင်းတွင် ကျွန်တော်လည်း ပါနေမလားပဲဟု တွေးမိလိုက်၍ ဖြစ်ပါသည်။

အစ်ကိုက "ဒီမှာမင်းဆွေ၊ စာရေးဆရာဆိုတာ အသတ်ခံရတတ်တယ်နော်၊ ကမ္ဘာပေါ်မှာ အသတ်ခံခဲ့ရတဲ့ စာရေးဆရာတွေ အများကြီးရှိခဲ့တယ်။ ဒို့မြန်မာနိုင်ငံမှာလဲ ရှိခဲ့တယ်။ စာရေးဆရာကြီး သိန်းဖေမြင့်ဆိုရင် 'တက်ဘုန်းကြီး'ဝတ္ထုရေးမိလို့ သူ့ကိုသတ်မယ်၊ ဖြတ်မယ် ဖြစ်ကြသေးတယ်။ နောက်ပြီး စာရေးဆရာကြီးမင်းဆွေဆိုလဲ ပျောက်သွားတာကနေ ပြန်ပေါ်မလာတော့ဘူး"ဟု စိုးရိမ်တကြီး ပြောလာပြန်ပါသည်။

စကားလမ်းကြောင်းသင့်နေသဖြင့် ကျွန်တော်က "ဟုတ်ပါတယ်၊ အစ်ကို၊ အဲဒီစာရေးဆရာကြီး မင်းဆွေဟာ (၄၆)လမ်းမှာ နေသွားခဲ့တာပါ။ ၁၉၄၉ခုနှစ်မှာ ဆေးလိပ်သွားဝယ်မယ်ဆိုပြီး လမ်းထိပ်ထွက်သွားရာကနေ ပြန်ပေါ်မလာတော့ဘူး"ဟု ဆက်ပြောမိရာ "အေး-မင်းလဲ သတိထားဦး င့ါညီ။(၄၉)လမ်းမှာနေတဲ့ မင်းဆွေလဲ ဘီယာသွားဝယ်မယ်ဆိုပြီး ပျောက်သွားဦးမယ်"ဟူ၍ အစ်ကိုက သတိပေးစကား ပြောကြားသွားပါသည်။

"ကျွန်တော်တို့ မသေမီ"အမည်ရှိ စာအုပ်ကို ထုတ်ဝေခွင့်ရရန် စာပေစိစစ်ရေးသို့ ၂၀၀၃ခုနှစ်တွင် တင်ပြခဲ့ပါသည်။ စာပေစိစစ်ရေးဌာနမှ ဒုတိယညွှန်ကြားရေးမှူးတစ်ဦးက ကျွန်တော်၏စာအုပ်ကို ထုတ်ဝေခွင့်ပြုရန် စာပေစိစစ်ရေးမှ အဆုံးအဖြတ်မပေးနိုင်၍ ဗဟိုစာပေနှင့် မှတ်ပုံတင်အဖွဲ့သို့ တင်ပြထားကြောင်း ရှင်းပြသည်။ လတ်တလော အခြေအနေအရ ဤစာအုပ်မှာ ထုတ်ဝေခွင့်မရဖို့ များကြောင်း၊ ကျွန်တော်၏ ရေးသားတင်ပြပုံမှာ ကောင်းမွန်ကြောင်း၊ ထိုစာအုပ်ကို ထုတ်ဝေခွင့်မရခဲ့လျှင်လည်း စိတ်မပျက်ဘဲ ဆက်လက်ရေးသားစေလိုကြောင်း အားပေးခဲ့ပါသည်။ ကျွန်တော်တို့ မသေမီ အမည်ရှိ စာအုပ်သည် ထုတ်ဝေခွင့် မရခဲ့ပါ။ မိမိမသေမီမှာ ထုတ်ဝေခွင့် မရလျှင်လည်း မိမိသေပြီးက ထုတ်ဝေခွင့် ရချင်ရလိမ့်မည်ဟု တွက်ဆပြီး ထိုစာအုပ်ကို သမီးကြီး သဲပိုင်ဦးအား ပေးထားလိုက်ပါသည်။

၂၀၀၅ခုနှစ်တွင် ကျိုက္ခမီ အထက ရွှေရတုအထိမ်းအမှတ် မဂ္ဂဇင်း ထုတ်ဝေမည်ဖြစ်သောကြောင့် စာရေးရန် အခွင့်အရေးပေါ်ခဲ့ပါသည်။ ကျွန်တော့်အား ပညာသင်ပေးခဲ့သော ကျောင်းတော်ကြီးဖြစ်၍ အမိကျောင်းတော်ကြီးအတွက် ကိုယ်စွမ်း၊ဉာဏ်စွမ်းရှိသမျှ အားထုတ်ရေးသားဖြစ်ပါသည်။ "သချိုင်းကအပြန်"၊ "လောကနိဗ္ဗာန်ရောက်ခြင်း"ကဗျာနှစ်ပုဒ်နှင့် "ဘဝနှင့်ပညာ"ဆောင်းပါးများ ဖော်ပြခြင်းခံခဲ့ရပါသည်။

၂၀၀၅ခုနှစ် ကုန်ပိုင်းတွင် ရန်ကုန်တိုင်းမ်ဂျာနယ်သို့ "မျှော်လင့်ချက်တို့ မဝေးစေလိုပါ" ဆောင်းပါးကို ပေးပို့ခဲ့ရာ ဖော်ပြခြင်းခံခဲ့ရပါသည်။ ကျွန်တော်လည်း အားတက်လာပြီး ဆက်လက်ရေးသားခဲ့ရာ ရန်ကုန်တိုင်းမ်ဂျာနယ်တွင် ဝမ်းနည်းခြင်းရဲ့ မျက်ရည်များ၊ အပြင်းဆုံးအဆိပ်၊ ပဲပြုတ်သည်မလေးနှင့် အထူးကုဆရာဝန်ကြီး၊ ဆင်နှင့်နဂါး ကြားက ဝေလငါး၊ ခြလား ပျားလား၊ မေ့မရသည့် ငယ်ချစ်ဟောင်း စသည့် ဆောင်းပါးများ ဖော်ပြခြင်းခံခဲ့ရပါသည်။

"မေ့မရသည့် ငယ်ချစ်ဟောင်း"ဆောင်းပါးတွင် သောင်းကျန်းသူတို့၏ ကော့ပွန်တောင် လူသတ်ပွဲကြီးကို ထုတ်ဖော်ရေးသားခဲ့ပါသည်။ ထိုလူသတ်ပွဲကြီးတွင် အပြစ်မဲ့ပြည်သူ ၆၀ ကျော်ကို အစုလိုက် အပြုံလိုက် သတ်ဖြတ်ခဲ့ခြင်း ဖြစ်သည်။ ထိုအသတ်ခံရသူများထဲတွင် ကျွန်တော့်ဆားကွင်းမှ ဆားအလုပ်သမ မွန်အမျိုးသမီးကြီး ဒေါ်ငွေနှင့် မွန်သမီးပျိုလေး မိအေးသိန်းတို့လည်း ပါဝင်သွားခဲ့ပါသည်။ ထိုလူသတ်ပွဲကြီးသည် အနှစ် ၂၀ ခန့် ကြာခဲ့ပြီဖြစ်သော်လည်း အသတ်ခံရသော ဒေါ်ငွေ၏ သမီး အူဝဲကို ကျွန်တော်မေးကြည့်မိရာ သူ့အမေကို သတ်ခဲ့သော လူသတ်သမားများကို ခွင့်မလွှတ်နိုင်ကြောင်း ငိုယို၍ ပြောခဲ့ပါသည်။

ကျွန်တော်သည် မေ့မရသည့် ငယ်ချစ်ဟောင်းစာမူကို ရန်ကုန်တိုင်းမ်ဂျာနယ်သို့ မပေးပို့မီ "မင်းဆွေ၊ စာရေးဆရာဆိုတာ အသတ်ခံရတတ်တယ်"ဆိုသော အစ်ကို၏စကားကို သတိရမိလိုက်သည်။ မည်သို့ပင်ဖြစ်စေကာမူ ထိုစာမူအား ရန်ကုန်တိုင်းမ်သို့ ပေးပို့လိုက်ပါသည်။ ရန်ကုန်တိုင်းမ်ကလည်း ကော့ပွန်တောင် လူသတ်ပွဲကြီးကို မှတ်တမ်းတင်ဖော်ပြခဲ့ပါသည်။ ရန်ကုန်တိုင်းမ်ကို လေးစားမိပါသည်။ ကျွန်တော်၏ ဖော်ထုတ်ရေးသားချက်နှင့် ရန်ကုန်တိုင်းမ်၏ ဖော်ပြပေးမှုတို့ကြောင့် ကော့ပွန်တောင် လူသတ်ပွဲကြီးကို သမိုင်းစာမျက်နှာတွင် မှတ်တမ်းတင်နိုင်ခဲ့ပါသည်။

၂၀၀၆ ခု နှစ်ကုန်ပိုင်းတွင် "၇၅ မင်းဆွေမှ ၈၈ မင်းကိုနိုင်သို့" ဆောင်းပါးကို ရေးခဲ့ပါသည်။ ထိုဆောင်းပါးကို နေ့စဉ်ထုတ် သတင်းစာများက ဖော်ပြပေးခဲ့ပါသည်။ ထိုဆောင်းပါး သတင်းစာထဲပါလာပြီးနောက် ကျွန်တော်သည် တက္ကစီ ကားစီးသည့်အခါ ကျွန်တော် မည်သူမည်ဝါဟု မပြောဘဲ ထိုဆောင်းပါးအကြောင်းကို တီးခေါက် မေးမြန်းကြည့်ပါသည်။ ကျွန်တော်မေးမြန်းခဲ့သော တက္ကစီသမားတိုင်းက ထိုဆောင်းပါးကို လက်ခံသဘောကျကြပါသည်။ တက္ကစီသမားတစ်ဦးက "သတင်းစာထဲမှာ ဒီလိုရေးလာနိုင်တာ ဒီတစ်ခါပဲ တွေ့ဖူးသေးတယ်၊ နောက်ပိုင်းမှာ အဲဒီစာရေးသူ အဖမ်းခံရနိုင်တယ်"ဟု ပြောသွားပါသည်။ တက္ကစီသမား တစ်ယောက်ကတော့"ဒီစာရေးဆရာဟာ လုပ်စားတာဖြစ်လိမ့်မယ်၊သူဟာ လုပ်ငန်းရှင်တစ်ယောက်ဖြစ်လျက်နဲ့ ကိုယ်ပိုင်ကားတစ်စီးတောင်မရှိဘူးလို့ ရေးထားတယ်။ ကားတစ်စီး သိန်းငါးရာ၊တစ်ထောင်ဖြစ်နေချိန်မှာ ရေးပုံထောက်တော့ ဒီလူက အစိုးရဆီက ကားပါမစ်လိုချင်လို့ဖြစ်မယ်"ဟု မှတ်ချက်ပေးသွားပါသည်။ ထိုတက္ကစီသမား၏ စကားကြောင့် ကျွန်တော်ရုတ်တရက် စိတ်ထိခိုက်သွားပါသည်။ ကျွန်တော် စာရေးခြင်းသည် နိုင်ငံနှင့်လူမျိုးအကျိုး တစ်ခုတည်းအတွက်သာ ဖြစ်ပါသည်။ ကျွန်တော့်အတွက် အကျိုးတစ်စုံတစ်ရာကိုမျှ မျှော်ကိုးခြင်း မရှိပါ။

ကျွန်တော်သည် အစိုးရကို မျက်နှာလို မျက်နှာရလုပ်ပြီး စာရေးနေခြင်း မဟုတ်ပါ။ အတိုက်အခံနှင့် ပြည်ပနိုင်ငံအဖွဲ့အစည်းများအလိုကျ စာရေးနေခြင်းလည်း မဟုတ်ပါ။ စာရေးခြင်းကြောင့် အစိုးရက ပေးကမ်းလာမည့် မည်သည့်အခွင့်အရေးကိုမျှလည်း ယူမည်မဟုတ်ပါ။ နိုင်ငံနှင့်လူမျိုး အကျိုးကို ဗန်းပြပြီး မိမိအကျိုးအတွက် လုပ်ဆောင်သူသည် အချောင်သမား၊ အခွင့်အရေးသမားဖြစ်သည်။ ကျွန်တော်တို့သည် နိုင်ငံသားတိုင်း ရရှိသင့်သော နိုင်ငံသားအခွင့်အရေး၊ လူသားတိုင်းရရှိသင့်သော လူ့အခွင့်အရေးကိုသာ တန်ဖိုးထားကြရပါမည်။ နိုင်ငံနှင့်လူမျိုး အကျိုးဟုဆိုပြီး မိမိနှင့် မိမိမိသားစုအကျိုးအတွက် လုပ်ဆောင်နေသော အချောင်သမားတို့သည် သူတောင်းစားထက်ပင် အောက်တန်းကျပါသည်။

ယနေ့အချိန်တွင် နိုင်ငံနှင့်လူမျိုး အကျိုးကို ဗန်းပြပြီး မိမိအကျိုးအတွက် လုပ်စားနေသူ အမြောက်အမြားရှိကြပါသည်။ အချို့ဆိုလျှင် ဒေါ်လာငွေ သိန်းသန်းချီ၍ ရသွားကြသည်။ ၁၉၄၆ ခုနှစ် လွတ်လပ်ရေးကြိုးပမ်းစဉ်ကာလက ဗိုလ်ချုပ်အောင်ဆန်းအား ရှမ်းအဘိုးကြီးတစ်ယောက်က ဗိုလ်ချုပ်အနေဖြင့် လွတ်လပ်ရေးကြိုးပမ်းမှုတွင် မိသားစုအတွက် နောက်ဆံမတင်းဘဲ လုပ်ကိုင်နိုင်ရန် ဗိုလ်ချုပ်မိသားစု သုံးစွဲနိုင်ရန်ဆိုပြီး ရွှေချောင်းများ လာပေးဖူးပါသည်။ ထိုရွှေချောင်းများကို ဗိုလ်ချုပ်က လက်မခံခဲ့ပါ။ ယနေ့အချိန်တွင် နိုင်ငံနှင့်လူမျိုးအကျိုးကို ဗန်းပြပြီး ပြည်ပအဖွဲ့အစည်းမျိုးစုံထံမှ မိမိကိုယ်ကျိုးအတွက် ငွေကြေး အထောက်အပံ့ယူနေသော အချောင်သမား အများအပြားရှိနေပါသည်။

ပြည်ပဆန့်ကျင်ဘက် အဖွဲ့အစည်းများအလိုကျ လိုက်ပါလုပ်ဆောင်နေသဖြင့် အနည်းဆုံးဆုတစ်ခုမှ အများဆုံး ဆုပေါင်း ၈၀ ကျော် ၉၀နီးပါး ရရှိနေသူများ ရှိကြောင်း မြန်မာပြည်သူများ သိထားပြီးဖြစ်ပါသည်။

ဒေါ်စုကြည်သည် ရှစ်လေးလုံး အရေးအခင်း ပေါ်ပေါက်မှ ပွဲလန့်တုန်း နိုင်ငံရေး ဆိုဖာခုံကြီး ဝင်ခင်းသော အချောင်သမား ဟုတ်၊ မဟုတ် ဆိုသည်ကို မြန်မာနိုင်ငံသားများ သိမြင်လာစေရန် "ငါးမင်းဆွေမှ ဒေါ်စုကြည်သို့" ဆောင်းပါးဖြင့် မီးဆလိုက်ထိုးပြလိုက်ခြင်းဖြစ်။

၂၀၀၆ ခုနှစ် ဒီဇင်ဘာလတွင် "ငရဲမင်းနှင့် ငမင်းဆွေ"ဆောင်းပါးနှင့် "ငါးမင်းဆွေမှ ဒေါ်စုကြည်သို့"ဆောင်းပါးတို့ကို ဆက်လက်ရေးသားခဲ့ပါသည်။ ၉-၁-၂၀၀၇ ရက်နေ့နှင့် ၁၀-၁-၂၀၀၇ ရက်နေ့တို့တွင် ထိုဆောင်းပါး နှစ်ပုဒ်ကို သတင်းစာများက ဆက်တိုက်ဖော်ပြခဲ့ပါသည်။

ဒေါ်အောင်ဆန်းစုကြည်ကို တိုက်ခိုက်ရေးသားသော ဆောင်းပါး ယနေ့ထုတ် မြန်မာသတင်းစာများတွင် ပါရှိလာသည်ဟု ၁၀-၁-၂၀၀၇ ရက်နေ့ ညနေပိုင်းတွင် RFAက လွှင့်ထုတ်သွားသည်။ NLDမှ ဦးမြင့်သိန်းကလည်း ဆောင်းပါးရေးသူသည် ပြည်သူလူထုကို စော်ကားလိုက်ခြင်း ဖြစ်သည်ဟုပြောပြန်သည်။ ၁၉၇၄ခုနှစ်က ၁၀ တန်း ကျောင်းသားအရွယ်သာ ရှိသေးသော စာရေးသူက မစုရေဟု သုံးနှုန်းလိုက်ခြင်းကို ရန်ကုန်စာဖတ်ပရိသတ်အများစုက မကျေမနပ် ဖြစ်နေကြသည်ဟု RFA က တွန်းပို့သွားပြန်သည်။ ကျွန်တော်သည် ဒေါ်စုကြည်ကို တိုက်ခိုက်ရေးသားခြင်း မဟုတ်ပါ၊ တင်ပြ ရေးသားခြင်းသာ ဖြစ်ပါသည်။ စာဖတ်သူများကို စော်ကားခြင်းမဟုတ်ပါ။ စာဖတ်သူများ အပါအဝင် ပြည်သူလူထုကို ချမ်းသာ ကောင်းစားစေလိုသည့် စိတ်ရင်းစေတနာဖြင့် ရေးသားခြင်း ဖြစ်ပါသည်။

၁၉၇၄ခုနှစ်က ၁၀ တန်းကျောင်းသား ကျွန်တော်သည် ယခုအခါ အသက် ၅၀ နီးနီး ရှိပြီဆိုသည်ကို RFAဝန်ထမ်းများ သိရှိကြပါလိမ့်မည်။ ဒေါ်စုကြည်သည် အသက်၆၁ နှစ် ရှိပြီဆိုသည်ကိုလည်း RFA ဝန်ထမ်းများ သိရှိကြပါသည်။ ထို့အပြင် ကျွန်တော့်အစ်မ အကြီးဆုံး ဒေါ်ညိုသည် ဒေါ်စုကြည်ထက်ပင် တစ်နှစ်ကြီးပါသည်။ အစ်မကြီး ဒေါ်ညိုကိုလည်း မညိုဟုသာ ကျွန်တော် ခေါ်လေ့ရှိပါသည်။ ကျွန်တော့်ထက် ၁၀ နှစ်သာသာ ကြီးသော ကျွန်တော်တို့ဖခင် ဗိုလ်ချုပ်အောင်ဆန်း၏ သမီး ဒေါ်စုကြည်ကို အစ်မအရင်းတစ်ယောက်ပမာ သဘောထားခံစားမိပြီး "မစုရေ"ဟု မြန်မာ့ဓလေ့ မြန်မာ့ယဉ်ကျေးမှုအတိုင်း ခေါ်ခဲ့ခြင်းဖြစ်ပါသည်။ ဤသည်ကို မြန်မာတိုင်းကလည်း နားလည် သဘောပေါက်ကြပါသည်။

၁၉၇၄ခုနှစ်တုန်းက ၁၀ တန်း ကျောင်းသားသာ ရှိသေးသော ဆောင်းပါးရှင်က ဒေါ်အောင်ဆန်းစုကြည်ကို "မစုရေ"ဟု သုံးနှုန်းလိုက်ခြင်းကြောင့် ရန်ကုန်စာဖတ်ပရိသတ် အများစုက မကျေမနပ် ဖြစ်နေကြသည်ဟု RFA၏ ပြောဆိုချက်သည် တမင်သက်သက် လုပ်ကြံပုတ်ခတ်ပြောဆိုခြင်းဖြစ်ကြောင်း ထင်ရှားလှပါသည်။ RFAက မြန်မာအချင်းချင်း သွေးကွဲပြီး အကြမ်းဖက် တိုက်ခိုက်မှုများ ဖြစ်ပွားစေရန် အကြံပက်စက်စွာ လုပ်ဆောင်လိုက်ခြင်းပင် ဖြစ်ပါသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့

ယနေ့ ပါတီ၊ အသင်းအဖွဲ့အစည်းဝင် အသီးသီးတို့သည် မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကိုယ်ကျိုးစွန့် အနစ်နာခံပြီး လုပ်ကိုင်နိုင်ရန် ထိုပါတီ၊ ထိုအသင်းအဖွဲ့များသို့ ဝင်ခဲ့တာလား၊ မိမိ ကိုယ်ကျိုးစီးပွား အခွင့်အရေးရရန်အတွက် ထိုပါတီ၊ ထိုအသင်းအဖွဲ့များသို့ ဝင်ခဲ့တာလား။ မိမိသည် အချောင်သမားတစ်ယောက် ဖြစ်နေသလားဆိုသည်ကို မိမိကိုယ် မိမိ ဆန်းစစ်ဝေဖန်ပြီး ပြုပြင်ကြရန်လို။

13-2 (10) 1 2/13/07, 1:21 PM

ဖေဖော်ဝါရီ ၂၂ ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးရှေ့တွင် နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ အခမ်းအနား ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ထံမှ ပေးပို့သော ပြည်ထောင်စုနေ့သဝဏ်လွှာကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးချစ်ကိုကိုက ဖတ်ကြားစဉ်။

(၂၅၉)

အရှင်ကောဏ္ဍည တရားဟောကြားမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၂

ဗဟန်းမြို့နယ် ရွှေတောင်ကြား (၂)ရပ်ကွက်ရှိ မင်းကွန်းတောရကျောင်းတိုက်မှ အရှင်ကောဏ္ဍည(တိပိဋကဓရ အဂ္ဂမဟာပဏ္ဍိတ)ဆရာတော်သည် ဖေဖော်ဝါရီ ၁၈ရက် မွန်းတည့် ၁၂နာရီ၌ တွံ့တေးမြို့နယ် သာစည်ကျေးရွာ ဦးသိန်းဇော်ဦး-ဒေါ်ခင်စန်းနိုင်တို့၏ ငွေရတုသိက္ခာထပ်၊ ရဟန်းခံ၊ ရှင်ပြု၊ နားသအလှူတော်မင်္ဂလာတွင် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

အင်းစိန်မြို့နယ် နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့အခမ်းအနားကို အထက(၁) အားကစားကွင်းတွင် ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော ပြည်ထောင်စုနေ့ သဝဏ်လွှာကို မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်ဆွေက ဖတ်ကြားစဉ်။

(ခရိုင် ပြန်/ဆက်)

မေတ္တာရှင်ထေရဝါဒ ဗုဒ္ဓဘာသာပြန့်ပွားရေး ဓမ္မစာကြည့်တိုက်ဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၁၂

ဆရာတော်ဦးဇဝန(မေတ္တာရှင် ရွှေပြည်သာ)၏ သြဝါဒကိုခံယူပြီး တောင်ဥက္ကလာပမြို့နယ် ၁၄/၁ ရပ်ကွက်ရှိ လူငယ်များဦးစီးသည့် မေတ္တာရှင်ထေရဝါဒ ဗုဒ္ဓဘာသာ ပြန့်ပွားရေး ဓမ္မစာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို တောင်ဥက္ကလာပမြို့နယ် ၁၄/၁ရပ်ကွက်ရှိ သာသနာ့ဟိတကာရီဓမ္မာရုံ၌ ယနေ့ ကျင်းပရာ ဆရာတော်ဦးဇဝန(မေတ္တာရှင် ရွှေပြည်သာ)က အဖွင့်တရားချီးမြှင့် ဖွင့်လှစ်ပေးခဲ့ကြောင်းနှင့် ဖုန်း-၅၆၃၃၄၆၊ ၅၆၃၃၂၅နှင့် ၅၆၂၆၄၆ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

စာမျက်နှာ ၁၀ ဆောင်းပါးမှအဆက်

RFA သည် ဤမျှနှင့် မရပ်သေးဘဲ ယနေ့သတင်းစာများတွင် ရေးသားသော ဆောင်းပါးရှင်တို့သည် အလံနီများဖြစ်ကြသည်။ ထိုအလံနီများကို အစိုးရက အသုံးချနေသည်ဟု ငါ့စကားနွားရ ဆက်ပြောသွားပါသေးသည်။ ကျွန်တော်(ငါးမင်းဆွေ)ကို အလံနီတစ်ယောက် ဖြစ်သယောင်ယောင် ပြည်သူလူထု ထင်မြင်သွားစေရန် မဟုတ်မမှန် လုပ်ကြံလိုက်ခြင်း ဖြစ်ပါသည်။ ကျွန်တော် မွေးဖွားကြီးပြင်းခဲ့သော မွန်ပြည်နယ်တွင် အလံနီကွန်မြူနစ် လှုပ်ရှားမှုမရှိခဲ့ပါ။ ကျွန်တော် ၁၆ နှစ်သားလောက်တွင် မြန်မာပြည်၌ အလံနီများ ချုပ်ငြိမ်းခဲ့ပြီး ဖြစ်ပါသည်။ ယနေ့ထိ အလံနီဝါဒကို ဆက်လက်ကိုင်စွဲနေသူ တစ်ဦးတစ်ယောက်ကိုမျှ ကျွန်တော် မတွေ့မြင်ဖူးပါ။ အလံနီဆိုတာ "ချို"နဲ့လားဟု RFA ကို ကျွန်တော် မေးလိုက်ချင်ပါသည်။

ကျွန်တော်တို့ စာရေးဆရာဆိုသည်မှာ မည်သူ့ဘက်ကိုမှ မလိုက်ဘဲ တည့်မတ်မှန်ကန်စွာ ရေးသားနေကြကြောင်း RFA သိဖို့ကောင်းပါသည်။ အတိုက်အခံဘက်ကိုလည်း လိုက်စရာမလိုပါ၊ အစိုးရဘက်ကိုလည်း လိုက်စရာမလိုပါ။ "၇၅ မင်းဆွေမှ ၈၈ မင်းကိုနိုင်သို့"ဆောင်းပါးတွင် မင်းကိုနိုင်သည် ကိုယ်ကျိုးစွန့် အနစ်နာခံသူတစ်ယောက် ဖြစ်သည်ဟု ရေးသားခဲ့ပါသည်။ မင်းကိုနိုင်သည် "လူမှန်"တစ်ယောက်ဖြစ်သည်ဟု ထောက်ပြလိုက်ခြင်း ဖြစ်သည်။ သို့သော် မင်းကိုနိုင်သည် အကျဉ်းထောင်ထဲ၌ ၁၅ နှစ်ကျော်နေခဲ့ရသဖြင့် အတွေ့အကြုံ နည်းနေသေးကြောင်း၊ အတွေ့အကြုံရှိမှ အမှန်တရားကို သိမြင်နိုင်ကြောင်း ရေးသားခဲ့သည်။ မင်းကိုနိုင်သည် "လူမှန်"တစ်ယောက်ဖြစ်သော်လည်း မှန်ကန်သော မူဝါဒလမ်းစဉ်ကို သိမြင်လာရန်၊ "မူမှန်"ပေါ်သို့ ရောက်ရှိအောင် အတွေ့အကြုံရှာရန် လိုသေးကြောင်း ထောက်ပြခဲ့ပါသည်။

ထိုဆောင်းပါးကို မင်းကိုနိုင်တို့အဖွဲ့မှ ကိုဂျင်မီက ကြိုဆိုပါသည်ဟု RFA တွင် ပြောသွားသည်။ မင်းကိုနိုင်တို့အဖွဲ့ကို သက်ဆိုင်ရာမှ အိမ်ပြန်ပို့ပေးသော သတင်းကို ကြားရသောအခါ ကျွန်တော်အလွန် ဝမ်းမြောက်ဝမ်းသာ ဖြစ်ရပါသည်။ မြန်မာနိုင်ငံသား အခြေခံလူတန်းစားများ ရင်ဆိုင်နေရသော စီးပွားရေး၊ လူမှုရေး အခက်အခဲအကျပ်အတည်းများ ကင်းရှင်း ပပျောက်သွားစေရန် ၈၈ မျိုးဆက် ကျောင်းသားအဖွဲ့သည် အစိုးရ၊ ပြည်သူလူထုတို့နှင့် လက်တွေ့ကျကျ ညီညီညွတ်ညွတ် ပူးပေါင်းလုပ်ကိုင်ကြပါ။ ယနေ့အချိန်သည် စကားများ ငြင်းခုံနေရမည့် အချိန်မဟုတ်ပါ၊ အလုပ်လုပ်ကြရမည့်အချိန် ဖြစ်ပါသည်။

ဖခင်ဗိုလ်ချုပ် ပြောဆိုမှာကြားခဲ့သလို သူများခြေတစ်လှမ်း လှမ်းလျှင် မိမိတို့မြန်မာတွေက လေးငါးလှမ်း လှမ်းရမည့်အချိန် ဖြစ်သည်။ ယခု သူများနိုင်ငံတွေ လူမှုစီးပွားဒုက္ခများမှ ကင်းဝေးရာ လောကနိဗ္ဗာန်ဆီသို့ အပြေးအလွှား ချီတက်နေချိန်တွင် ၈၈ မျိုးဆက်ညီငယ်များက ထော်လော်ကန့်လန့်လုပ်ပြီး ဝေဖန်၊ လေကန် လုပ်မနေကြပါနဲ့၊ သူများနိုင်ငံတွေကို အမီလိုက်နိုင်ရန် အပြေးအလွှားလုပ်ဆောင်နေသော မြန်မာလူထုကို ၈၈မျိုးဆက်ညီငယ်များက ပုဆိုးစ၊ ထဘီစ လှမ်းမဆွဲကြပါနဲ့။ နောက်ဆုံးအနေဖြင့် ၈၈မျိုးဆက်ညီငယ်များကို အစ်ကိုမေးခွန်းတစ်ခု မေးပါမည်။ "ငါတို့၏ ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးကို အီရတ်နိုင်ငံလို ဖြစ်ချင်သလား၊ တရုတ်နိုင်ငံလို ဖြစ်ချင်သလား" ဒီမေးခွန်းကို ၈၈မျိုးဆက်ညီငယ်များက ကြောင်းကျိုးဆက်စပ်ပြီး အကျိုးသင့်၊ အကြောင်းသင့် ပြန်လည်ဖြေကြား ပေးကြစေလိုပါသည်။

"ငရဲမင်းနှင့် ငမင်းဆွေ"ဆောင်းပါးတွင် ငရဲပြည်သို့ ရောက်သွားသော စာရေးဆရာငမင်းဆွေ၏ တင်ပြလျှောက်ထားမှုကြောင့် ငရဲမင်းသည် အခြေအနေမှန်တစ်ခုကို သိရှိသွားပြီး မွေးမြူရေးသမား ငရဲသားတို့ကို လွတ်ငြိမ်းချမ်းသာခွင့် ပေးခဲ့ကြောင်း၊ ပကတိဖြစ်ပေါ်နေသော အခြေအနေမှန် အရပ်ရပ်ကို သိမြင်စေရန် သတင်းလွတ်လပ်ခွင့် လိုကြောင်း ထောက်ပြခဲ့ပါသည်။

"ငါးမင်းဆွေမှ ဒေါ်စုကြည်သို့"ဆောင်းပါးတွင် ဒေါ်စုကြည်သည် ၁၉၈၈မတိုင်မီ အသက် ၄၀ ကျော်အထိ နိုင်ငံနှင့်လူမျိုးအတွက် ဘာတစ်ခုမျှ စွမ်းဆောင်ခဲ့ခြင်း မရှိကြောင်း၊ ကျွန်တော်တို့ မဆလခေတ် ဆင်းရဲတွင်းနက်နေချိန်တွင် ဒေါ်စုကြည်သည် ကျွန်တော်တို့ကို မေ့လျော့ပစ်ပယ်ခဲ့ကြောင်း၊ ရှစ်လေးလုံး အရေးအခင်းကြီး ပေါ်ပေါက်မှ မြန်မာ့နိုင်ငံရေးနယ်ပယ်တွင် ခေါင်းဆောင်နေရာရမည်ဟု သေချာပေါက် သိရှိသောအခါတွင်မှ ခါတော်မီ ပေါ်လာသူဖြစ်ကြောင်း ရေးသားခဲ့ပါသည်။ ထို့ကြောင့် ဒေါ်စုကြည်သည် ကိုယ်ကျိုးစွန့် အနစ်နာခံတတ်သော လူမှန် နိုင်ငံရေးသမားတစ်ယောက်အဖြစ် ယုံကြည်ရန်ခက်ခဲကြောင်း ထောက်ပြခဲ့ပါသည်။ ထို့ပြင် ဒေါ်စုကြည်၏ စီးပွားရေးပိတ်ဆို့မှု မူဝါဒကြောင့် မြန်မာနိုင်ငံသားများ ဒုက္ခရောက်နေရကြောင်း ရေးသားခဲ့ပါသည်။ ဒေါ်စုကြည်သည် လူမှန်၊ မူမှန်ဖြစ်အောင် ပြုပြင်ရန်လိုသေးကြောင်း ထောက်ပြခဲ့ပါသည်။ **ဒေါ်စုကြည်သည် ရှစ်လေးလုံး အရေးအခင်း ပေါ်ပေါက်မှ ပွဲလန့်တုန်း နိုင်ငံရေးဆိုဖာခုံကြီး ဝင်ခင်းသော အချောင်သမား ဟုတ်၊ မဟုတ်ဆိုသည်ကို မြန်မာနိုင်ငံသားများ သိမြင်လာစေရန် "ငါးမင်းဆွေမှ ဒေါ်စုကြည်သို့" ဆောင်းပါးဖြင့် မီးဆလိုက် ထိုးပြလိုက်ခြင်း ဖြစ်**ပါသည်။

ကျွန်တော်တို့ ဘိုးဘွားများသည် နေမဝင်အင်ပါယာကြီးကို ထူထောင်ခဲ့သော နယ်ချဲ့ကို တွန်းလှန်တိုက်ခိုက်ကာ လွတ်လပ်ရေးကို အသက်၊ သွေး၊ ချွေးပေးပြီး ရယူပေးခဲ့ကြသည်။ ထိုသို့ လွတ်လပ်ရေးရပြီးသည်မှာ အနှစ် ၆၀ ပင်ရောက်တော့မည်။ သို့သော် ကျွန်တော်တို့နိုင်ငံကား ဖွံ့ဖြိုးတိုးတက်လာခြင်း မရှိသေးပါ။ အာရှ၏ ကျားတစ်ကောင် ဖြစ်မလာဘဲ ကြောင်တစ်ကောင်လို တညောင်ညောင် အော်နေရဆဲ ဖြစ်သည်။ ကျွန်တော်တို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ရန်အတွက် ရေမြေသဘာဝ သယံဇာတများ ရှိပြီးသားဖြစ်သည်။ ဤသို့ ဖွံ့ဖြိုးတိုးတက်ရန် အခြေခံကောင်းများရှိပါလျက် ဖွံ့ဖြိုးမှုနောက်ကျနေခြင်းမှာ မြန်မာတို့၏ စိတ်ဓာတ်ကြောင့် ဖြစ်သည်။

နိုင်ငံလွတ်လပ်ရေးရပြီး တိုင်းပြည်ကိုထူထောင်ချိန်တွင် မြန်မာတို့၏ စိတ်ဓာတ်ကိုကြည့်လျှင် မြန်မာအများစုတို့သည် အချောင်သမား၊ အခွင့်အရေးသမားများဖြစ်နေကြသည်။ ကိုယ်အာဏာရဖို့၊ ကိုယ်လူကြီးလုပ်ရဖို့၊ ကိုယ်ချမ်းသာ ကောင်းစားဖို့သာ သိကြသည်။ ဖဆပလပါတီ အာဏာရလာတော့ ဖဆပလထဲ ဝင်ကြသည်။ မဆလပါတီ တက်လာတော့ မဆလထဲ ဝင်ကြပြန်သည်။ ထိုသူတို့သည် တပ်မတော်အစိုးရ တက်လာသောအခါ ရဝတ လုပ်ချင်ကြသည်။ အချို့က ရွေးကောက်ပွဲတွင် နိုင်ခြေရှိသော NLD ထဲသို့ ရောက်သွားကြသည်။ မည်သည့်ပါတီ၊ မည်သည့် အသင်းအဖွဲ့အစည်းသို့ ငါဝင်လျှင် ငါနေရာရမည်၊ ငါကောင်းစားမည်၊ ငါအခွင့်အရေး ရမည်ဆိုသော အချောင်သမားစိတ်ဓာတ်များ မြန်မာတို့တွင် ရှိနေသရွေ့ မြန်မာနိုင်ငံသည် အလုံးစုံ ဖွံ့ဖြိုးတိုးတက်လာမည် မဟုတ်ပါ။

ယနေ့ ပါတီ၊ အသင်းအဖွဲ့အစည်းဝင် အသီးသီးတို့သည် မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကိုယ်ကျိုးစွန့် အနစ်နာခံပြီး လုပ်ကိုင်နိုင်ရန် ထိုပါတီ၊ ထိုအသင်းအဖွဲ့များသို့ ဝင်ခဲ့တာလား၊ မိမိ ကိုယ်ကျိုးစီးပွား အခွင့်အရေးရရန်အတွက် ထိုပါတီ၊ ထိုအသင်းအဖွဲ့များသို့ ဝင်ခဲ့တာလား။ မိမိသည် အချောင်သမားတစ်ယောက် ဖြစ်နေသလားဆိုသည်ကို မိမိကိုယ်မိမိဆန်းစစ်ဝေဖန်ပြီး ပြုပြင်ကြရန် လိုပါသည်။

ထို့အပြင် မည်သူသည် အချောင်သမားဖြစ်သည်၊ မည်သူသည် ကိုယ်ကျိုးစွန့် အနစ်နာခံသူဖြစ်သည်ကို ခွဲခြားသိရှိတတ်ရန် လိုပါသည်။ ကျွန်တော်တို့သည် မိမိကိုယ်မိမိ အချောင်သမားမဖြစ်အောင် ဝေဖန်ပြုပြင်ပြီး ကိုယ်ကျိုးစွန့် အနစ်နာခံသူများနှင့် လက်တွဲကာ မှန်ကန်သော မူဝါဒအောက်တွင် လွတ်လပ်သော နိုင်ငံတော်ကြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်စေရန် အားသွန်ခွန်စိုက် လုပ်ဆောင်ကြရပါမည်။ ဤသို့ လူမှန်၊ မူမှန်တို့ဖြင့် နိုင်ငံတော်ကြီးကို တည်ဆောက်ကြပါလျှင် ကျွန်တော်တို့ နိုင်ငံတော်ကြီးသည် အလျင်အမြန် ဖွံ့ဖြိုးတိုးတက်လာပါမည်။

ကျွန်တော်တို့သည် ကျွန်တော်တို့နိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် ကြိုးစားဆောင်ရွက်နေရဆဲဖြစ်သော်လည်း နိုင်ငံတော်ကြီး တစ်စစီ ပြိုကွဲမသွားအောင်၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော လွတ်လပ်ရေးကြီး မဆုံးရှုံးသွားအောင် ကာကွယ်စောင့်ရှောက်နိုင်ခဲ့ကြပါသည်။ ထိုသို့ နိုင်ငံတော်၏ လွတ်လပ်ရေးမဆုံးရှုံးသွားအောင် ကာကွယ်စောင့်ရှောက်ခဲ့ကြရာတွင် မြန်မာနိုင်ငံသားတို့၏ အသက်ခန္ဓာများ ပေးဆပ်ခဲ့ကြရသည်၊ ကိုယ်ကျိုးစွန့် အနစ်နာခံခဲ့ကြရသည်။

နိုင်ငံတော်၏ လွတ်လပ်ရေးကို ကာကွယ်နိုင်ရန်အတွက် အရွယ်မရောက်သေးသည့် မိမိ၏ရင်နှစ်သည်းချာ သားသမီးများကို အပြီးအပိုင် ခွဲခွာထားရစ်သွားခဲ့ရသော မြန်မာနိုင်ငံသား အမြောက်အမြားရှိပါသည်။ ထိုသို့ နိုင်ငံတော်အတွက် အသက်ခန္ဓာ ပေးဆပ်သွားခဲ့ကြသူများ၊ ကိုယ်ကျိုးစွန့် အနစ်နာခံခဲ့ကြသူများကို ကျွန်တော်တို့ အမြဲတမ်းသတိတရ လေးစားနေကြရမည် ဖြစ်သည်။ ယနေ့မျိုးဆက်သစ် လူငယ်များသည် နိုင်ငံလွတ်လပ်ရေးအတွက် လည်းကောင်း၊ လွတ်လပ်ရေး တည်တံ့ခိုင်မြဲရေးအတွက် လည်းကောင်း အသက်ခန္ဓာ ပေးလှူသွားခဲ့ကြသော၊ ကိုယ်ကျိုးစွန့် အနစ်နာခံခဲ့ကြသော ဘိုးဘွား မိဘတို့၏ ကြီးမားသော မေတ္တာစေတနာကို အမှတ်တရ အလေးအမြတ်ထားကြပါ။ မိမိတို့လက်ထက်တွင် လွတ်လပ်ပြီးသော နိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန် ညီညီညွတ်ညွတ်၊ အားသွန်ခွန်စိုက် လုပ်ဆောင်ကြပါဟု အလေးအနက်တိုက်တွန်း ပန်ကြားလိုပါသည်။

ကျွန်တော်သည် ကျွန်တော်၏ရင်ထဲတွင် အနှစ်နှစ် အလလက ကိန်းအောင်းခဲ့သော ခံစားချက်များ၊ ကျွန်တော်၏အတွေ့အကြုံမှ ရရှိလာသော အသိအမြင်၊ အတွေးအခေါ် အယူအဆများကို သတင်းဆောင်းပါးများအဖြစ် ဖွင့်ဟ ရေးချခဲ့ပြီးဖြစ်ပါသည်။ ထိုသတင်းဆောင်းပါးတို့ကို ပြည်သူလူထုထံသို့ရောက်ရှိအောင် ဆောင်ရွက်ပေးခဲ့သော ဗိုလ်မှူးချုပ်ကျော်ဆန်း (ဝန်ကြီး၊ ပြန်ကြားရေးဝန်ကြီးဌာန) အား လည်းကောင်း၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း၊ ရန်ကုန်တိုင်းမ်ဂျာနယ်နှင့် 7 Day News ဂျာနယ်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များအားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါသည်။

ထိုသို့ ကူညီဆောင်ရွက်ခဲ့ကြသော ပုဂ္ဂိုလ်အသီးသီးတို့နှင့် ကျွန်တော် သိကျွမ်းခင်မင်ခြင်း မရှိခဲ့ပါ။ ပြောဆိုဆွေးနွေးမှုလည်း မရှိခဲ့ပါ။ ကျွန်တော်နှင့် ရင်းနှီးခင်မင်သော စာရေးဆရာတစ်ယောက်မျှလည်း မရှိပါ။ ကျွန်တော်သည် နိုင်ငံနှင့်လူမျိုးအကျိုးအတွက် မိမိသဘောအလျောက် လွတ်လပ်ပွင့်လင်းစွာ ရေးသားခဲ့ပြီးပါပြီ။

စာရေးဆရာသည် တဲနှင့်ပဲ နေရနေရ၊ ငါးပိနှင့်ပဲ စားရစားရ၊ ဆိုက်ကားနှင့်ပဲ သွားရသွားရ သူ့ဘဝကို သူပျော်မွေ့ ကျေနပ်နေသူဖြစ်ကြောင်း ကျွန်တော် တွေ့ကြုံခံစား သိရှိခဲ့ရပါပြီ။ ထိုသို့သော စာရေးဆရာဘဝကို ကျွန်တော် အလွန်မြတ်နိုးပါသည်။

စာရေးဆရာဆိုတာ လူမုန်းခံရတတ်တယ်၊ အသတ်ခံရတတ်တယ်ဟု အစ်ကိုက သတိပေးခဲ့သည်။

မည်သို့ပင်ဖြစ်စေ စာရေးဆရာဘဝကို ကျွန်တော်စွန့်လွှတ်မည် မဟုတ်ပါ။ ။

ဂရင်းရွိုင်ရယ်စပါယ်ရှယ်ရီဆာ့ဗ် ဂေါက်သီးရိုက်ပြိုင်ပွဲ တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေး တက်ရောက်၍ ဆုများချီးမြှင့်

GRAND ROYAL
SPECIAL RESERVE
Golf Championship

ရန်ကုန် ဖေဖော်ဝါရီ ၁၂

မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်က ကြီးမှူး၍ International Beverages Trading Co., Ltd. က အဓိက ကူညီပံ့ပိုးသော ဂရင်းရွိုင်ရယ် စပါယ်ရှယ်ရီဆာ့ဗ် ဂေါက်သီးရိုက်ပြိုင်ပွဲ၏ ဒုတိယ လက်ရွေးစင်ပြိုင်ပွဲ (Grand Royal Special Reserve Golf Championship Second Qualify Round)ဒုတိယနေ့ ၁၈ကျင်း ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယမန်နေ့ညနေပိုင်းက တောင်ကြီးမြို့ အေးသာယာဂေါက်ကွင်း၌ ကျင်းပရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် သောင်းအေး တက်ရောက်၍ ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆုများချီးမြှင့်

ပြိုင်ပွဲ၏ ဒုတိယနေ့ ၁၈ကျင်းပြိုင်ပွဲ အပြီးတွင် ဆုချီးမြှင့်သည့် အခမ်းအနားကို ကျင်းပရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေးက ပြိုင်ပွဲတွင် Nett Total ၁၄၁ ချက်ဖြင့် ပထမရရှိသော ရဲရန်အောင်အား Trophy နှင့် ရွှေပြားဆုကို ပေးအပ်ချီးမြှင့်ပြီး Nett Total ၁၄၁ ချက်ဖြင့် ဒုတိယရရှိသော သူရကျော်အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်က Nett Total ၁၄၁ ချက်ဖြင့် တတိယရရှိသော ကံချွန်၊ Nett Total ၁၄၂ ချက်ဖြင့် စတုတ္ထရရှိသော မြင့်စိုးအောင်နှင့် Nett Total ၁၄၂ ချက်ဖြင့် ပဉ္စမရရှိသော ဉာဏ်ဝင်းတို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် IBTC မှ Design and Development ဒါရိုက်တာ ဦးတင့်ဦးက Putting Challeng ပြိုင်ပွဲတွင် အနိုင်ရရှိသော တင်အောင်နိုင်အားလည်းကောင်း၊ Hole No (၁၄)တွင် EAGLE ရရှိသော ဟန်ဝင်းအောင်အားလည်းကောင်း၊ IBTC မှ Production ဒါရိုက်တာ ဦးဇော်ထိုက်က ကိုက် ၃၁၀ ဖြင့် Longest Drive ဆုရရှိသော သူရကျော်အားလည်းကောင်း၊ နှစ်ပေ ခြောက်လက်မဖြင့် Nearest to the pin ဆုရရှိသော မြင့်စိုးအောင်အားလည်းကောင်း၊ MPGA နှင့် MGF အမှုဆောင် ဦးကိုကိုလေးက နှစ်သိမ့်ဆုရရှိကြသော ပဉ္စမမှ အဋ္ဌမအထိ Amateur Golfers များအားလည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ပေးအပ်

ထို့နောက် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးခင်မောင်ကြည်က နှစ်သိမ့်ဆုရရှိကြသော ပထမမှ စတုတ္ထအထိ Amateur Golfers များအား ဆုများကို ပေးအပ်ချီးမြှင့်သည်။

တာဝန်ယူဆောင်ရွက်

ယင်းပြိုင်ပွဲ၏ Main Sponsor မှာ International Beverages Trading Co., Ltd. ဖြစ်ပြီး Co-sponsors များအဖြစ် Air Mandalay, Hotel Nikko, Srixon နှင့် Alpine တို့ကလည်း ထပ်မံ၍ ပံ့ပိုးကူညီကြပြီး ဒုတိယလက်ရွေးစင် ဂေါက်သီးရိုက်ပြိုင်ပွဲ ဖြစ်မြောက်အောင်မြင်ရေးအတွက် Organized by Han Event Management က တာဝန်ယူ ဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆုချီးမြှင့်

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေးက ပြိုင်ပွဲတွင် ပထမရရှိသော ရဲရန်အောင်အား ဆုချီးမြှင့်စဉ်။ (ဂေါက်သီးရိုက်အဖွဲ့ချုပ်)

မန္တလေးတိုင်း ဗုဒ္ဓဂယာမြေမြတ်မဟာတွင် တည်ဆောက်မည့် အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင် မြန်မာရဟန်းတော်များအဖွဲ့ပိုင် သုံးထပ်ကျောင်းတော်ကြီး ဆောက်လုပ်ရန်အတွက် ကျေးဇူးရှင် ဖခင်ကြီး ဦးကျော်ဝင်း နှစ်လပြည့်အားရည်စူး၍ ရန်ကုန်မြို့ သုဝဏ္ဏမြို့နယ် အမှတ် ၇၃/၁ ယင်းမာမြိုင်လမ်း စုပေါင်းရပ်ကွက်နေ ဦးမင်းသူ၊ ဒေါက်တာသစ်သစ်ဦး (သား) မောင်ဘုန်းမြင့်သူ၊ မောင်ကျော်ဇင်သူမိသားစုက လှူဒါန်းငွေကျပ်တစ်သိန်းကို ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ဝါးတန်းလမ်း အမှတ် ၄၂ (ပ)ထပ် (အလှူငွေလက်ခံဌာန)၌ လှူဒါန်းရာ ကျောင်းအမှုဆောင် ဒေါ်ကေသက်မော်က အလှူငွေလက်ခံပြီး ကျောင်းအကျိုးတော်ဆောင် ဆရာတော် မဟာသိမ်တော်ကြီး စာချ နာယကဆရာတော် ဦးဂန္ဓသာရက ဂုဏ်ပြုလွှာ ပြန်လည်ချီးမြှင့်တော်မူစဉ်။ (က-ပ)

ဖေဖော်ဝါရီ ၁၂ ရက်က နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့အခမ်းအနားကို လမ်းမတော်မြို့နယ် အထက(၁) ကျောင်းရှေ့မြက်ခင်းပြင်၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံမှ ပေးပို့သော သဝဏ်လွှာကို မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်ဇော်က ဖတ်ကြားစဉ်။ (ခရိုင် ပြန်/ဆက်)

ဖေဖော်ဝါရီ ၁၂ ရက်က အလုံမြို့နယ်ခန်းမ၌ ကျင်းပသော နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ အခမ်းအနားတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော ပြည်ထောင်စုနေ့ သဝဏ်လွှာကို မြို့နယ်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ဖတ်ကြားစဉ်။ (က-ပ)

မိုင် ၁၀၀၀ စက်ဘီးစီးပြိုင်ပွဲ တာလွှတ်

ရန်ကုန် ဖေဖော်ဝါရီ ၁၂

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီနှင့် အားကစားဝန်ကြီးဌာနတို့၏ ကူညီပံ့ပိုးမှုဖြင့် မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ရန်ကုန်-ပြည်-မန္တလေး-ရန်ကုန် မိုင် ၁၀၀၀ ခရီးရှည် စက်ဘီးစီးပြိုင်ပွဲ တာလွှတ်ပွဲအခမ်းအနားကို ယနေ့နံနက် ၆ နာရီက ရန်ကုန်မြို့ လူငယ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ အားကစားကွင်းရှေ့) ဝေဇယန္တာလမ်းမပေါ်၌ ကျင်းပသည်။

အားပေးစကားပြောကြား

ရှေးဦးစွာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းနှင့် တာဝန်ရှိသူများသည် ပြိုင်ပွဲဝင် အားကစားသမားများအား အားပေးစကားပြောကြားကြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းနှင့် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်တို့က ပြိုင်ပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

စတင်ကျင်းပ

ထို့နောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်လှဌေးဝင်းက မိုင် ၁၀၀၀ ခရီးရှည် စက်ဘီးစီးပြိုင်ပွဲကို သေနတ်ပစ်ဖောက်၍ တာလွှတ်ပေးကာ ပြိုင်ပွဲများ စတင်ကျင်းပသည်။

အဆိုပါ ပြိုင်ပွဲသို့ ပြိုင်ပွဲဝင် ၁၀၇ ဦး ပါဝင်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲခရီးစဉ်အဖြစ် ရန်ကုန်-လက်ပံတန်း-ပြည်-မကွေး-မြင်းခြံ-မန္တလေး-မိတ္ထီလာ-ပျဉ်းမနား-နေပြည်တော်-တောင်ငူ-ညောင်လေးပင်-ရန်ကုန်မြို့များသို့ ခရီးရှည် ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သဲအင်းဂူအဓိဋ္ဌာန် ခုနစ်ရက်တရားစခန်း

ရန်ကုန် ဖေဖော်ဝါရီ ၁၂

ရန်ကင်းမြို့နယ် မိုးကောင်းဘုရားဝင်း သဲအင်းဂူ ဓမ္မဗိမာန်တော်ကြီး၌ မူလသဲအင်းဂူဆရာတော်ကြီး၏ ကမ္မဋ္ဌာန်းမှုနှင့်အညီ ဖေဖော်ဝါရီ ၁၈ ရက်မှ ၂၅ ရက်အထိ အဓိဋ္ဌာန်ခုနစ်ရက်တရားစခန်း ဖွင့်လှစ်မည်ဖြစ်သည်။

တရားစခန်းတွင် ရန်ကုန်မြို့လုံးဆိုင်ရာ သဲအင်းဂူသာသနာပြုအဖွဲ့ဝင် ဩဝါဒါစရိယ ပဓာန ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ မုနိန္ဒ(ကျိုက်ဝိုင်း) အရှင်သူမြတ်က ခန္ဓာကိုယ်တွေ့ သမထဝိပဿနာတရားတော်များ ချီးမြှင့်ဟောကြားပြသမည်ဖြစ်သည်။ တရားစခန်းဝင်လိုသူများသည် ဖေဖော်ဝါရီ ၁၇ ရက် (စနေနေ့) ညနေ ၅ နာရီအရောက် နိုင်ငံသားစိစစ်ရေးကတ်ပြားများနှင့်အတူ လာရောက် စာရင်းသွင်းနိုင်ကြပြီး နေ့ဆွမ်း၊ အရုဏ်ဆွမ်းလှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ဖေဖော်ဝါရီ ၁၂ ရက်က နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့အခမ်းအနားကို ဒေါပုံမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံမှပေးပို့သော ပြည်ထောင်စုနေ့သဝဏ်လွှာကို မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးမျိုးနိုင်က ဖတ်ကြားစဉ်။ (မြို့နယ် ပြန်/ဆက်)

ကမ္ဘာတစ်လွှား အားကစား

ရီးရဲမက်ဒရစ်အား နစ္စတယ်ရွိုင်း ဆယ်တင်နိုင်မလား

မက်ဒရစ် ဖေဖော်ဝါရီ ၁၂

ကမ္ဘာ့အချမ်းသာဆုံးသော ဘောလုံးအသင်းလည်းဖြစ်ပြီး ကမ္ဘာပေါ်တွင် အတော်ဆုံးနှင့် အကျော်ကြားဆုံး ဘောလုံးသမားများကို စုစည်းထားနိုင်ခဲ့သော ရီးရဲမက်ဒရစ်၏ အလှမ်းဝေးနေသော လာလီဂါဖလားကို ပြန်လည်ရရှိရန် ကြိုးစားပေးနေသူများတွင် ရှေ့ဆုံးမှရပ်တည်နေသူမှာ တိုက်စစ်မှူး နစ္စတယ်ရွိုင်းပင် ဖြစ်သည်။

"ဘောလုံးကွင်းထဲရောက်ရင် ဂိုးသွင်းနိုင်ရေးကလွဲပြီး တခြားဘာကိုမှ မစဉ်းစားပါ"ဆိုသည့် နစ္စတယ်ရွိုင်းသည် မိခင် နယ်သာလန်အသင်း၊ ယခင်ကစားခဲ့သည့် မန်ယူနှင့် ယခုရီးရဲမက်ဒရစ်တို့၌ ကစားခဲ့သော ဂိုးသွင်းနှုန်းများကြည့်လျှင် ထင်ထင်ရှားရှား တွေ့မြင်ရမည်ဖြစ်သည်။

ဂိုးသွင်းနိုင်

နစ္စတယ်ရွိုင်း၏ဘဝဇာတ်ကြောင်းကို ငဲ့စောင်းကြည့်လျှင် နယ်သာလန်နိုင်ငံ အော့စ်မြို့တွင် ၁၉၇၆ခုနှစ် ဇူလိုင် ၁ရက်၌ မွေးဖွားခဲ့သူဖြစ်သည်။ အသက်ငယ်စဉ်ကပင် ဘောလုံးကစားသည့်ပွဲတိုင်း ဂိုးသွင်းနိုင်ခဲ့သူဖြစ်ရာ နစ္စတယ်ရွိုင်း ဂိုးမသွင်းနိုင်သောပွဲဟူ၍ မရှိသလောက်ဖြစ်ခဲ့သည်ဟု ဆိုသည်။

မက်ဒရစ်မြို့တွင် လည်ပတ်နေသော နစ္စတယ်ရွိုင်း။ (ဓာတ်ပုံ–အင်တာနက်)

စုစည်းတင်ပြသူ– မောင်မောင်မြင့်ဆွေ

နစ္စတယ်ရွိုင်း၏ခြေစွမ်းကိုသဘောကျသော နယ်သာလန်ဘောလုံးအသင်း လူကြီးများက အသက်(၁၇)နှစ်အရွယ်မှာပင် နိုင်ငံ့ဘောလုံးအသင်း လက်ရွေးစင်အဖြစ် ရွေးချယ်ခဲ့ကာ အရန်တိုက်စစ်မှူးအဖြစ် အချိန်ပိုင်း ကစားစေခဲ့သည်။ ပထမပိုင်းပွဲများ ဂိုးမသွင်းနိုင်ခဲ့သော်လည်း နောက်ပိုင်း ချစ်ကြည်ရေးပွဲများတွင် အချိန်ပြည့်ကစားသောအခါ ဂိုးများ ဆက်တိုက်သွင်းယူ ပေးနိုင်ခဲ့လေသည်။

ခေါ်ယူ

ထိုသို့ နစ္စတယ်ရွိုင်း၏ ဂိုးသွင်းစွမ်းရည်ကို လေ့လာစောင့်ကြည့်နေသော မန်ယူအေးဂျင့်က ဖာဂူဆန်ထံ သတင်းအချက်အလက်ပေးပို့ကာ မန်ယူသို့ခေါ်ယူရေး တိုက်တွန်းခဲ့သည်။နစ္စတယ်ရွိုင်း၏ဂိုးသွင်းအစွမ်းထက်မြက်မှုကိုမှတ်တမ်းတင်ဗီဒီယိုတိပ်ခွေမှ တစ်ဆင့် ကြည့်ရှုခဲ့ရာမှ ဖာဂူဆန်သဘောကျခဲ့ပြီး မန်ယူကလပ်သို့ ခေါ်ယူခဲ့ခြင်း ဖြစ်သည်။

အံ့သြ

၂၀၀၁–၂၀၀၂ ဘောလုံးရာသီ၌ မန်ယူသို့ရောက်ရှိလာသော နစ္စတယ်ရွိုင်း သည် မန်ယူအတွက် ပရီမီယာလိဂ် ၂၃ပွဲ ကစားပေးခဲ့ပြီး ၂၃ ဂိုးသွင်းယူခဲ့သလို ချန်ပီယံလိဂ်တွင်လည်း မန်ယူအတွက် ၁၁ ပွဲကစားခဲ့ပြီး ၁၀ ဂိုးသွင်းယူပေးနိုင်ခဲ့သည်။ ထို့အပြင် မန်ယူအတွက် အက်ဖ်အေဖလား နှစ်ပွဲတွင် နှစ်ဂိုးနှင့် ကွန်မြူနတီဒိုင်း ပြိုင်ပွဲတွင်လည်း တစ်ဂိုးသွင်းယူ နိုင်ခဲ့သဖြင့် ထိုနှစ်က မန်ယူအတွက် စုစုပေါင်း ၃၄ ပွဲ ကစားပြီး ၃၆ ဂိုးသွင်းယူခဲ့ရာ တစ်ပွဲတစ်ဂိုးနှုန်းကျော်အောင် နစ္စတယ်ရွိုင်း သွင်းပြလိုက်သဖြင့် ပြိုင်ဘက်ပရီမီယာလိဂ် တိုက်စစ်မှူးများ အံ့သြသွားစေခဲ့သည်။

ကျော်ကြား

ထို့အတူ ၂၀၀၂–၂၀၀၃ ဘောလုံးရာသီတွင်လည်း မန်ယူအတွက် ဘောလုံးပွဲပေါင်း၅၀ ကစားပေးခဲ့ပြီး ၄၄ဂိုး သွင်းယူပေးနိုင်ခဲ့ရာ မန်ယူအတွက် ဂိုးအများဆုံးသွင်းသူအဖြစ် ရပ်တည်ပေးနိုင်ခဲ့သလို နစ္စတယ်ရွိုင်း၏နာမည်လည်း ပရီမီယာလိဂ်၌ ကျော်ကြားလာခဲ့လေသည်။ ထိုစဉ်က နစ္စတယ်ရွိုင်း ဂိုးသွင်းမှုစွမ်းရည်မြင့်မားအောင် ကွင်းလယ်မှ ဒေးဗစ်ဘက်ခမ်း၏ ဖြတ်တင်ဘောများကလည်း ထိရောက်ပံ့ပိုးပေးခဲ့မှုကြောင့် ဖြစ်ကြောင်း နစ္စတယ်ရွိုင်းက ဝန်ခံစကားဆိုခဲ့သည်။

ရီးရဲမက်ဒရစ်တိုက်စစ်မှူး နစ္စတယ်ရွိုင်း။ (ဓာတ်ပုံ–အင်တာနက်)

ကျဆင်း

မန်ယူနှင့်အတူ ၂၀၀၃–၂၀၀၄ ဘောလုံးရာသီတွင်လည်း ပွဲပေါင်း ၄၈ ပွဲကစားခဲ့ပြီး ၃၃ ဂိုး သွင်းယူပေးနိုင်ခဲ့သည်။ ထိုနှစ်မှာပင် ဒေးဗစ်ဘက်ခမ်းလည်း ရီးရဲမက်ဒရစ်သို့ ပြောင်းရွှေ့သွားလေသည်။ ဘက်ခမ်း၏ ထိရောက်သော ဘောလုံးဖြန့်ဝေပေးမှု မရှိတော့သဖြင့် ၂၀၀၄–၂၀၀၅ ဘောလုံးရာသီတွင် နစ္စတယ်ရွိုင်းခြေစွမ်းမပြနိုင်ဘဲ ဖြစ်ခဲ့ရာ ပရီမီယာလိဂ်၌ ဂိုးသွင်းစွမ်းရည်ကျဆင်းခဲ့သည်။

တစ်ချိန်တည်းမှာပင် မန်ယူသို့ စီရိုနယ်ဒိုရောက်ရှိလာပြီး တောင်ပံတိုက်စစ်မှတစ်ဆင့် ဂိုးသွင်းနိုင်မှု အစွမ်းပြခဲ့ရာ နစ္စတယ်ရွိုင်းသည် မန်ယူ၌ ပွဲတိုင်းနီးပါး ကစားခွင့် မရတော့သဖြင့် ထိုနှစ်၌ မန်ယူအတွက် ပွဲ ၃၀ ကစားပြီး ဂိုးပေါင်း ၂၀သာ သွင်းယူပေးနိုင်ခဲ့လေသည်။ ၂၀၀၅–၂၀၀၆ ဘောလုံးရာသီတွင် ပရီမီယာလိဂ်၌ ၂၈ပွဲကစားပြီး ၂၁ ဂိုး သွင်းယူပေးနိုင်ခဲ့ပြီးနောက် ၂၀၀၆–၂၀၀၇ ဘောလုံးရာသီတွင် စပိန်ကလပ်ရီးရဲမက်ဒရစ်သို့ပြောင်းရွှေ့လာခဲ့သည်။

အံ့အားသင့်

ရီးရဲမက်ဒရစ်သို့နစ္စတယ်ရွိုင်းရောက်ရှိချိန်တွင် ရီးရဲမက်ဒရစ်တိုက်စစ်မှူးများဖြစ်သည့် ရော်နယ်ဒိုနှင့်ရာအူးလ်တို့ ဂိုးသွင်းစွမ်းရည် ကျဆင်းနေချိန်ဖြစ်ပြီး ရီးရဲမက်ဒရစ်တိုက်စစ်မှူးများ ဒဏ်ရာအနာတရများရရှိနေချိန်ဖြစ်သည်။ နစ္စတယ်ရွိုင်း ရီးရဲမက်ဒရစ်၌ လာလီဂါပွဲစဉ်အဖြစ် အဝေးကွင်း၌ လီဗန်တေးအသင်းနှင့်ပွဲတွင် ပါဝင်ကစားခဲ့ရာ ရီးရဲမက်ဒရစ်တို့ လေးဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သောပွဲ၌ တစ်ဦးတည်း သုံးဂိုးအထိသွင်းကာ ဟက်ထရစ်ယူပြလိုက်သဖြင့် လာလီဂါတိုက်စစ်မှူးများကို အံ့အားသင့်စေခဲ့သည်။

ထို့အပြင် ရီးရဲမက်ဒရစ်အတွက် ချန်ပီယံလိဂ်ပွဲစဉ်အဖြစ် ဒိုင်နမိုကီယက်ဗ်နှင့် ပွဲတွင်လည်း တစ်ဦးတည်း နှစ်ဂိုးသွင်းယူပေးနိုင်ခဲ့သလို ရီးရဲမက်ဒရစ်အတွက် ပွဲတိုင်းနီးပါး ဂိုးသွင်းယူပေးနိုင်ခဲ့သည်။

ဂိုးသွင်းစွမ်းရည်

နစ္စတယ်ရွိုင်း၏ ဂိုးသွင်းစွမ်းရည်ကို ရီးရဲမက်ဒရစ်၌ အမြင့်ဆုံး ပြသနိုင်မှုမှာ လာဂီဂါပွဲစဉ်ဖြစ်သည့် အိုဆာဆူနာအသင်းနှင့် အဝေးကွင်း၌ ကစားရသောပွဲဖြစ်သည်။ ထိုပွဲ၌ ရီးရဲမက်ဒရစ်က လေးဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ရာ လေးဂိုးစလုံး နစ္စတယ်ရွိုင်းတစ်ဦးတည်း သွင်းယူခဲ့ခြင်းဖြစ်သည်။

ယခုအခါရီးရဲမက်ဒရစ်၌ ရော်နယ်ဒိုနှင့်ဒေးဗစ်ဘက်ခမ်းတို့ အသင်းမှထွက်ခွာသွားခဲ့ပြီဖြစ်သော်လည်း နစ္စတယ်ရွိုင်းက ရီးရဲမက်ဒရစ်အတွက် တိုက်စစ်ကိုဦးဆောင်ကာ အမြင့်ဆုံး အောင်ပွဲရရှိရေးအတွက် အစွမ်းကုန်ကြိုးစားပေးလျက်ရှိသည်။

ရပ်တည်

လောလောဆယ်တွင် ရီးရဲမက်ဒရစ်အတွက် တစ်ဦးတည်း ၁၁ ဂိုးသွင်းယူပေးထားပြီး အသင်း၌ ဂိုးအများဆုံးသွင်းထားနိုင်သူအဖြစ်လည်း ရပ်တည်လျက်ရှိသည်။ အသက်(၃၀) အရွယ်ရှိလာပြီဖြစ်သော နစ္စတယ်ရွိုင်းသည် ရီးရဲမက်ဒရစ်အတွက် ဂိုးသွင်းယူပေးသော ခြေစွမ်းအထက်မြက်ဆုံး တိုက်စစ်မှူးတစ်ဦးအဖြစ် ရှေ့ဆုံးမှဦးဆောင်လျက်ရှိနေသည်။

နစ္စတယ်ရွိုင်းအပေါ် မန်ယူ၏အရိပ်လွှမ်းမိုးနေသော အမြင်များကို **"မိမိသည် ရီးရဲမက်ဒရစ်တိုက်စစ်မှူး တစ်ဦးဖြစ်ပြီး ရီးရဲမက်ဒရစ်အတွက် ပွဲတိုင်းဂိုးသွင်းကာ လာလီဂါ၌ ရီးရဲမက်ဒရစ်ခေတ် ပြန်ရောက်အောင် ကြိုးစားပေးမည် ဖြစ်ကြောင်း"**၊ မိမိ၏စိတ်ဓာတ်သည် ရီးရဲမက်ဒရစ်၏ စိတ်ဓာတ်ပင်ဖြစ်ကြောင်း စကိုင်းစပို့စ်သို့ ပြောကြားခဲ့သည်။

နစ္စတယ်ရွိုင်း၏ ကြိုးစားမှုသည် ရီးရဲမက်ဒရစ်ကို ထိပ်ဆုံးသို့ဆယ်တင်နိုင်မလားဆိုသည့်အချက်ကို စောင့်ကြည့်ရတော့မည်ဖြစ်သည်။ **(ကိုးကား–အင်တာနက်သတင်းများ)**

အီတလီစီးရီးအေပွဲများ ပြန်လည်ကစားပြီ

ကိုးကားတင်ပြသူ–မြင့်မောင်စိုး

မီလန် ဖေဖော်ဝါရီ ၁၂

အီတလီစီးရီးအေ ပွဲစဉ်(၂၃) ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၁ရက်က ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ကြရာ အမှတ်ပေး ဇယားထိပ်ဆုံးရောက် အင်တာမီလန်အသင်းသည် ချီယေဗိုတို့အိမ်ကွင်း၌ နှစ်ဂိုး–ဂိုးမရှိဖြင့်နိုင်ပြီး ရှုံးပွဲမရှိ စံချိန် တင်လိုက်သည်။

အမြန်ဆုံး

အင်တာမီလန်အသင်းအတွက် အနိုင်ဂိုးများကို အက်ဒရီယာနိုက ပွဲစပြီး တစ်မိနစ်အတွင်း သွင်းယူပေးနိုင်ခဲ့သည်။ ယင်းဂိုးမှာ စီးရီးအေသမိုင်းတွင် အမြန်ဆုံးသွင်းယူခဲ့သည့် ဂိုးဖြစ်ခဲ့သည်။

ယင်းနောက် အင်တာမီလန်အသင်းအတွက် ဒုတိယမြောက်ဂိုးကို ခရက်စပိုကပွဲချိန် ၅၁မိနစ်တွင် သွင်းယူပေးခဲ့သည်။ အင်တာမီလန်အသင်းသည် ယခုနှစ် အီတလီစီးရီးအေရာသီတွင် ၂၃ပွဲကစား ၁၉ပွဲအနိုင်ရရှိထားပြီး သုံးပွဲသာ သရေပွဲရှိသည်။ ယင်းတို့သည် ပွဲစဉ်(၂၃)အပြီး ရမှတ် ၆၀ ဖြင့် အမှတ်ပေးဇယားတွင် ဦးဆောင်နေသည်။

ရိုးမားနိုင်

အမှတ်ပေးဇယားတွင် ဒုတိယနေရာရောက် ရိုးမားအသင်းသည်လည်း အိမ်ကွင်း၌ ပါးမားအသင်းကို သုံးဂိုး– ဂိုးမရှိဖြင့် အနိုင်ရလိုက်သည်။ ရိုးမားအတွက် အနိုင်ဂိုးများကို တော့တီ၊ ပါရော့တာနှင့် တက်ဒီတို့က တစ်ဂိုးစီ သွင်းယူပေးခဲ့သည်။ ရိုးမားအသင်းသည် ရမှတ်၄၉မှတ်ဖြင့် ဒုတိယနေရာမှ လိုက်နေသည်။

အေစီမီလန်အသင်းတွင် ပါဝင်ကစားခဲ့သော ရော်နယ်ဒို၏ ကစားဟန်။

(ဓာတ်ပုံ–အင်တာနက်)

ရော်နယ်ဒိုကစား

မကြာမီက ရီးရဲမက်ဒရစ်အသင်းမှ အေစီမီလန်အသင်းသို့ ပြောင်းရွှေ့လာသော ရော်နယ်ဒိုသည် ပထမဆုံး ပွဲဦးထွက်အဖြစ် ပါဝင်ကစားခဲ့သည်။ သို့သော်လည်း ၎င်းသည် လူစားအရန်အဖြစ်သာ ပါဝင်ကစားခဲ့ခြင်း ဖြစ်သည်။

ထိုနေ့က ရော်နယ်ဒို၏ အေစီမီလန်အသင်းသည် အိမ်ကွင်း၌ လီဗော်နိုအသင်းကို နှစ်ဂိုး–တစ်ဂိုးဖြင့်အနိုင်ရခဲ့ခြင်းဖြစ်သည်။

ယင်းပွဲတွင် အေစီမီလန်တို့ အနိုင်ရလိုက်ပြီးနောက် အမှတ်ပေး ဇယားတွင် နံပါတ် ၆နေရာ၌ ရမှတ် ၃၀ဖြင့် ရပ်တည်လျက်ရှိသည်။ အေစီမီလန်အသင်းသည် လုပ်ပွဲကစားခဲ့၍ ရှစ်မှတ် အလျှော့ခံထားရသည့်အသင်း ဖြစ်သည်။

အကြမ်းဖက်

ကာတန်နီယာအသင်းနှင့် ပါလာမိုအသင်းတို့ ဖေဖော်ဝါရီ ၂ ရက်က ကစားခဲ့ရာတွင် ပွဲကြည့်ပရိသတ်များနှင့် ရဲအဖွဲ့တို့ အဓိကရုဏ်း ဖြစ်ရာမှ အကြမ်းဖက်မှုဖြစ်ပွားခဲ့သည်။ ယင်းအကြမ်းဖက်မှုကြောင့် ရဲအရာရှိ တစ်ဦး သေဆုံးခဲ့သည်။

ယင်းအကြမ်းဖက်မှု ဖြစ်ပွားပြီးနောက် အီတလီဘောလုံးအဖွဲ့ချုပ်က အီတလီနိုင်ငံအတွင်းရှိ ဘောလုံးပွဲများ အားလုံးကို ရက်အကန့်အသတ်မရှိ ပိတ်ပင်လိုက်ကြောင်း ကြေညာခဲ့သည်။

ပြန်ဖွင့်ပေး

သို့သော်လည်း အီတလီအစိုးရက ဘောလုံးကွင်းခြောက်ကွင်းကို ပြန်လည် စတင် ကစားရာတွင် ပရိသတ် ဝင်ခွင့် ပေးခဲ့သည်ဟု ဆိုသည်။ ယင်းကွင်းများမှာ ရောမမြို့ရှိ အိုလံပစ်ကွင်း၊ ဂျီနိုအာကွင်း၊ ဆီနာ၊ ကာဂရီယာရီ၊ ပါလာမိုနှင့် တူရင်ကွင်းတို့ ဖြစ်သည်။

အက်ဒရီယာနို (ယာ)က ချီယေဗိုအသင်းဘက်သို့ ထိုးဖောက်၍ တစ်မိနစ်အတွင်း ဖွေဆော်ဦးဂိုး သွင်းယူပေးခဲ့သည်။

(ဓာတ်ပုံ–အင်တာနက်)

ပိတ်ထားဆဲ

သို့သော်လည်း အေစီမီလန်နှင့် အင်တာမီလန်ကွင်းသည် ပရိသတ် ဝင်ခွင့်မပေးဘဲ ဆက်လက်တံခါးပိတ်ပြီး ကစားခဲ့ကြရသည်ဟု ဆိုသည်။

မင်္ဂလာညှော်ခံပွဲ ကျေးဇူးတင်လွှာ

မန္တလေးတိုင်း၊ ဝမ်းတွင်းမြို့နယ်၊ သဲတောမြို့၊ အမှတ် ၃၊ အောင်ချမ်းသာရပ်ကွက်နေ
ဦးထိန်လင်း-ဒေါ်တင်ငွေး(မိသားစု၊ အထည်စက်လုပ်ငန်း)တို့၏
တစ်ဦးတည်းသောသား

ဗိုလ်ကြီးဇေယျာလင်း B.A (Eng;) D.S.A

နှင့်

ရန်ကုန်တိုင်း၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်မြို့၊ ပြည်လမ်း၊
လမ်းဆုံပိုင်းရပ်ကွက်၊ အမှတ် ၄၁/ခ နေ
ဦးအေးသောင်-ဒေါ်စောရှင်တို့၏သမီးထွေး

မကလျာထွေး B.Com: (Q), C.P.A(1)

တို့၏ ၃-၂-၂၀၀၇ရက် (စနေနေ့) ရန်ကုန်မြို့ Sedona Hotel (Dagon ခန်းမ)တွင် မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးသော တရားရုံးချုပ် တရားသူကြီးဦးချစ်လွင်အားလည်းကောင်း၊ ၁၁-၂-၂၀၀၇ရက် (တနင်္ဂနွေနေ့) ရန်ကုန်မြို့ Sedona Hotel (Grand Ballroom) တွင် ကျင်းပပြုလုပ်သော မင်္ဂလာညှော်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးပါသော ဗိုလ်ချုပ်လှထွန်း(ငြိမ်း)နှင့်ဇနီး ဒေါ်တင်လှိုင်၊ မင်္ဂလာစိန်လက်စွပ်ဆင်မြန်းဝတ်ဆင်ပေးပါသော ဗိုလ်ချုပ်စိန်ထွား(ငြိမ်း)နှင့်ဇနီး ဒေါ်ခင်အေး၊ မင်္ဂလာညှော်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော စစ်ဘက်နယ်ဘက်မှပုဂ္ဂိုလ်များ၊ ဂုဏ်သရေရှိလူကြီးမင်းများနှင့်ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ကိုယ်တိုင်မကြွရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ အခမ်းအနားမှူး ဦးကျော်စိုးဦး၊ မင်္ဂလာအခါတော်ပေးသီချင်းဖြင့် ချီးမြှင့်ပေးသော မဟေမာနေဝင်း၊ မင်္ဂလာတေးသံသာများဖြင့် ညှော်ခံဖျော်ဖြေပေးသော Emperor တေးဂီတအဖွဲ့၊ သတို့သားအရံ ဗိုလ်ကြီးမြတ်သူ၊ သတို့သမီးအရံ မမြတ်သန်းငွေး၊ မင်္ဂလာပန်းကြဲပေးသော မသက်သရဖီထွေး၊ မင်္ဂလာအောင်စံပယ်ပန်းကုံးဗန်းကိုင်ဆောင်ပေးသော မအေးစန္ဒာဝင်း၊ မင်္ဂလာစိန်လက်စွပ်ဗန်းကိုင်ဆောင်ပေးသော မနှင်းစန္ဒာလင်း၊ လက်ထပ်ပွဲနှင့်မင်္ဂလာပွဲဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှကူညီဆောင်ရွက်ပေးသော ဘဘမြဉ္စန့်နှင့် အန်တီဖြူ၊ မေတ္တာဖြင့် စိန်ရတနာများဆင်မြန်းပေးပါသော မနီနီသိန်း(မြန်မာ့ကျောက်မျက်)၊ မိတ်ကပ်နှင့် ဆံပင်အလှဆင်ပေးသော ကိုညီညီမောင်(ကန်တော်ကလေး)နှင့်အဖွဲ့၊ လက်မှတ်ရေးထိုးပွဲဝတ်စုံဖန်တီးပေးသော IVY၊ မင်္ဂလာညှော်ခံပွဲဝတ်စုံဖန်တီးပေးသည့် ဦးတွတ်(ဗိုလ်ချုပ်ဈေး)၊ဗီဒီယိုနှင့်ဓာတ်ပုံမှတ်တမ်းရိုက်ကူးပေးသော စိုင်းဘုန်းထူးနှင့်အဖွဲ့၊ ပန်းအလှပြင် ကိုစည်သူ၊ မင်္ဂလာပွဲဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီကြသော I.B.T Co., Ltd. မှ မန်နေဂျာများ၊ ဝန်ထမ်းများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကိုလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ကြီးဇေယျာလင်း-မကလျာထွေး။

ဂုဏ်ရည်ဆေးတိုက်မှ ဗဟန်း(၃)လမ်း အမှတ် ၁၁ တွင် ဆေးများကို ၁၆-၂-၂၀၀၇ရက်မှစ၍ ရရှိနိုင်ပါသည်။

ဂရင်ဂျီနာ၊ အတွင်း/ပြင်လိပ်ခေါင်း၊ သွေးချိုဆီးချို၊ ကျောက်ကပ်၊ ဆီးကျိတ်၊ လေးဖက်နာ၊ ဂေါက်ရောဂါ၊ အဆီကျ၊ ထိပ်ကပ်နာ၊ သွေးတိုးကျ၊ အဖြူဆင်းပျောက်ဆေး၊ ချောင်းဆိုး၊ အသည်း၊ အဖုအကျိတ်၊ ဝဲနှင်းခူဆေးများကို ရရှိနိုင်ပါသည်။

အချိန် – နံနက် ၁၀ နာရီမှ ညနေ ၃ နာရီ

ဖွင့်ရက် – တနင်္လာ၊ အင်္ဂါ၊ သောကြာ၊ စနေ

ပင်ရင်း ဈ(၂)၊ သာယာကုန်းလမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်။

ပင်ရင်းတွင်လည်းရနိုင်သည် (တနင်္ဂနွေနေ့ပိတ်သည်)၊ ဖုန်း-၆၄၁၅၀၁။

ကျေးဇူးဆပ်ပါမည်

ကျွန်မ မခင်နီလာ၏ နိုင်ငံကူးလက်မှတ် အမှတ်/၆၂၃၃၁၉ သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန်။ **ဖုန်း-၀၉-၅၁၆၄၈၃၅။**

၁၀-၂-၂၀၀၇ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာပါ
Lion Myanmar Co., Ltd. ဒါရိုက်တာအဖွဲ့၏
ညွှန်ကြားချက်အရ တရားရုံးချုပ်ရှေ့နေ ဒေါ်အေးအေးအောင်၏သတိပေးကြော်ငြာချက်အပေါ်
ဒေါ်နှင်းနန္ဒာအောင် ၉/မရတ(နိုင်)၀၁၁၄၃၃ ၏ ပြန်လည်ချေပအသိပေးကြော်ငြာချက်

ဖော်ပြပါကြော်ငြာချက်တွင် ကျွန်မ ဒေါ်နှင်းနန္ဒာအောင် ၉/မရတ(နိုင်)၀၁၁၄၃၃ ၏ ကိုယ်ကျင့်တရားနှင့်ဂုဏ်သိက္ခာကို ထိခိုက်ညစ်ညမ်းစေရန် တမင်ရည်ရွယ်ဖော်ပြသည့် အောက်ပါအချက်များကို ပြန်လည်ရှင်းလင်း အသိပေးအပ်ပါသည်။

(၁) မိမိသည် အလုပ်ခွင့်မှနုတ်ထွက်ရန် ၃၀-၆-၂၀၀၆ရက်မှစ၍ မန်နေဂျင်းဒါရိုက်တာအား သုံးကြိမ်တိုင်တိုင် အသိပေးခဲ့ပြီးဖြစ်ပါသည်။ ဌာနတွင်း စာရင်းစစ်ဆေးမှုများကို အဖွဲ့ဝင်ငါးဦးဖြင့် ၆-၁၁-၂၀၀၆ရက်မှ ၈-၁၁-၂၀၀၆ရက်အထိ သုံးရက်နှင့် ၁၃-၁၁-၂၀၀၆ရက် တစ်ရက် စုစုပေါင်း လေးရက်ကြာခဲ့ပြီး ရှင်းလင်းပြီးစီးသည့် စာရင်းများကို တရားဝင်ဖြစ်စေရန်အဖွဲ့ဝင်အားလုံး လက်မှတ်ရေးထိုး၍ ၁၃-၁၁-၂၀၀၆ရက်တွင်ပင် ဒါရိုက်တာအဖွဲ့သို့တင်ပြပြီး ၃၀-၁၁-၂၀၀၆ရက်တွင် ဒါရိုက်တာအဖွဲ့ဝင် ဒေါ်အေးမာမျိုးသိန်းမှ စစ်ဆေးအတည်ပြုလက်ခံခဲ့ပြီး ဖြစ်ပါသည်။

(၂) ၂၉-၁၁-၂၀၀၆ရက်တွင် မိမိမှအလုပ်နုတ်ထွက်ရန်အတွက် မန်နေဂျင်းဒါရိုက်တာအား ထပ်မံအသိပေးခဲ့ပြီး ၎င်း၏ညွှန်ကြားချက်အရ လုပ်ငန်းနှင့်ပတ်သက်သော စာရင်းအားလုံးကို ဆက်လက်တာဝန်ယူမည့်ဝန်ထမ်းအား တရားဝင်လွှဲပြောင်းပေးခဲ့ပြီးဖြစ်ပါသည်။ ကုမ္ပဏီတွင် ၆-၁၂-၂၀၀၆ရက်အထိ တာဝန်ထမ်းဆောင်ခဲ့ပြီး ၇-၁၂-၂၀၀၆ရက်မှ ယနေ့အထိ မိမိနေအိမ်တွင် နေထိုင်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ ကုမ္ပဏီဒါရိုက်တာအဖွဲ့၏ မိမိအပေါ် ဂုဏ်သိက္ခာထိခိုက်စေသော ကြော်ငြာချက်များကို ပြန်လည်ရုပ်သိမ်းပေးပါရန် အသိပေးကြော်ငြာအပ်ပါသည်။

ဒေါ်နှင်းနန္ဒာအောင် ၉/မရတ(နိုင်)၀၁၁၄၃၃
ဦးညိုခြံ၊ သီရိဟေမာလမ်း၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။

ငွေရတုမင်္ဂလာဆုတောင်း

ချစ်ဖေဖေ **ဗိုလ်ကြီးကျော်ကျော်**(ငြိမ်း) (ညွှန်ကြားရေးမှူး၊ ကယားပြည်နယ်၊ လဝက)နှင့် ချစ်မေမေ **ဒေါ်တိုးတိုးလွင်(ခ)ဒေါ်ရီရီစိန်**တို့၏ ၁၃-၂-၂၀၀၇ရက်တွင်ကျရောက်သော ငွေရတုမင်္ဂလာမှသည် နှစ်ပေါင်းများစွာ ချစ်သမီးများနှင့် ပျော်ရွှင်သော မိသားစုဘဝကို ဆက်လက်လျှောက်လှမ်းနိုင်ပါစေ။

ချစ်သမီးကြီး – ရည်မွန်ကျော် B.C Tech(Hons)
ချစ်သမီးလတ် – နှင်းမွန်ကျော် B.C.Sc
ချစ်သမီးငယ် – သက်မွန်ကျော် 1st Yr(Hons), Physics.

ထိုက်တန်စွာကျေးဇူးဆပ်ပါမည် ကျွန်တော်၏ Motorola RAZA V_3 အနက်ရောင်(ခေါက်ဖုန်း) ၀၉-၅၁ ၆၈၆၆၅သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။ **ဖုန်း-၀၉-၅၂ ၁၀၇၃၇။**

သင့်သွေးဖြင့် အသက်ကယ်ပါ

နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ဖျိုင်းရေအိုးစင်ကွက်သစ်ရပ်ကွက် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ကြီးကြပ်မှုဖြင့် ဖေဖော်ဝါရီ ၁၀ရက် နံနက်ကနား၊ နှာခေါင်း၊ လည်ချောင်း ဆေးရုံပတ်ဝန်းကျင်သန့်ရှင်းရေးဆောင်ရွက်မှုကို မြို့နယ်အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဆေးရုံဝန်ထမ်းများနှင့် ရပ်ကွက်လူမှုရေး အသင်းအဖွဲ့ဝင်များ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းဆောင်ရွက်ကြစဉ်။

(မြန်မာ့အလင်း)



မီး
သတိပြု

ဦးခိုက်ပူဇော် ဆံတော်ရှင် မြတ်မော်တင်စေတီတော်

ပြည်ထောင်စုမြန်မာနိုင်ငံသည် ဗုဒ္ဓဘာသာထွန်းကားရာ နိုင်ငံဖြစ်ပြီး ဘုရားပုထိုးစေတီများ တည်ထားကိုးကွယ်ကာ ဘုရားပွဲတော်များကို ကျင်းပလျက်ရှိပေသည်။ မြန်မာနိုင်ငံတစ်ဝန်းတွင် တန်ခိုးကြီးစေတီဘုရားများရှိသည့်အနက် ဆံတော်ရှင် မြတ်မော်တင်စေတီသည် ဗုဒ္ဓဘာသာဝင်တို့ အထွတ်အမြတ်ထားရာ စေတီတစ်ဆူဖြစ်ပြီး၊ သာသနာတော်အတွင်း ဆံတော်၊ မွေတော်၊ ဓာတ်တော်များကို ဌာပနာပြု၍ တည်ထားကိုးကွယ်ခဲ့ကြသော စေတီတော် အဆူဆူတွင် မြန်မာနိုင်ငံ၌ ပထမဆုံး တည်ထားကိုးကွယ်ခဲ့သည့် စေတီတော်ဖြစ်ပါသည်။

ဧရာဝတီတိုင်း ပုသိမ်ခရိုင် ငပုတောမြို့နယ်ရှိ တန်ခိုးကြီးသာသနာ့သမိုင်းဝင်မဟာမကုဋရုံသီ ဆံတော်ရှင်မြတ်မော်တင်စေတီတော်မြတ်ကြီး၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဗုဒ္ဓပူဇနိယပွဲတော်ကို ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် ပုသိမ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက (၁၃၆၈ ခုနှစ် တပေါင်းလဆန်း ၁ ရက်နေ့မှ တပေါင်းလပြည့်နေ့အထိ) ၂၀၀၇ ခုနှစ် ဖေဖော်ဝါရီလ ၁၆ ရက်မှ မတ်လ ၂ ရက်အထိ ၁၅ ရက်တိုင်တိုင် ကျင်းပမည်ဖြစ်ပေသည်။

ဆံတော်ရှင်မြတ်မော်တင်စေတီတော်မြတ်ကြီးတွင် ထူးကဲသော အံ့ဖွယ်များ ရှိပေသည်။

လပြည့်၊ လကွယ်နေ့များတွင် ရောင်ခြည်တော် လွှတ်လေ့ရှိခြင်း၊ ညချမ်းအခါတွင် စေတီတော်ကုန်းတော်၌ အမွှေးရနံ့များ ကြိုင်လှိုင်သင်းလျက်ရှိခြင်း၊ ခေါင်းလောင်းများ မတီးဘဲ မြည်တတ်ခြင်း၊ တောင်ကုန်းနှင့် ပရဝဏ်တို့တွင် ရာသီပန်းတို့ မပြတ်ပွင့်ခြင်း၊ ညအခါ စေတီတော်အား တစ်ယောက်တည်း အဓိဋ္ဌာန်ပြု၍ ခုနစ်ပတ်ရစ်ပတ်ပါက ရွှေသံ၊ ငွေသံကြားရခြင်း၊ ဒုတိယကမ္ဘာစစ်အတွင်းက နယ်ချဲ့တို့ အမြောက်၊ ဗုံး၊ စက်သေနတ်ကျည်များ ပစ်ခတ်သော်လည်း ကျည်ဆန်တစ်ခုမျှ မခခြင်း၊ ယခုထက်တိုင် ဆွမ်းများ ရုံဖန်ရံခါ ဦးအောင်မတင်နိုင်ခြင်း၊ လပြည့်၊ လကွယ်တွင် စေတီကုန်းတော်မှ မောင်းသံ၊ ဗုံသံစသော တူရိယာအမျိုးမျိုး၏အသံများကို အရုဏ်ဦး အခါသမယတို့တွင် ကြားရတတ်ခြင်း၊ ဘေးအန္တရာယ်များ ကျရောက်လာပါက စေတီတော်မြတ်ကြီးအား အာရုံပြု၍ ဆုတောင်းလိုက်သည်ရှိသော် ဘေးအန္တရာယ်များမှ လွတ်ကင်းခြင်း၊ ဘုရားပွဲတော်ကြီးတွင် လူထောင်သောင်းချီ၍ လာရောက်သော်လည်း သောက်ရေကန်မှ ရေများမလျော့ခြင်း၊ တပေါင်းပွဲတော်ကြီးဖြစ်ခါနီးတိုင်း ကျီးအုပ်ကြီးများ၊ အမျိုးအမည်မသိသော ငှက်အုပ်ကြီးများ၊ တောင်တော်နှင့် စေတီတော်အား ပျံဝဲကြခြင်း၊ ဘုရားပွဲတော်တွင် လူအပေါင်းထောင်သောင်းချီ၍ လာရောက်သော်လည်း တောင်တော်တွင် လူပြည့်သည်ဟူ၍ မရှိခြင်း၊ စေတီတော်၏ ရင်ပြင်တွင် ယုံကြည်စွာဖြင့် သစ္စာအဓိဋ္ဌာန်ပြု၍ ပုတီးစိပ်ပါက ရင်ပြင်တော်မှ မြည်ဟည်းသံများ ကြားရခြင်း၊ စေတီတော်ကို အဝေးမှဖူးတွေ့ရလျှင် စေတီတော် ပရဝဏ်သို့ ကြည်ညိုစိတ်ဖြင့် ရောက်ရှိပြီး ဖူးမြော်ဦးခိုက်လျှင် ကာယသုခ၊ စိတ္တသုခ နှစ်ပါးစလုံး ချမ်းမြေ့ကြည်နူးရခြင်း စသည်တို့မှာ စေတီတော်မြတ်ကြီး၏ အံ့ဖွယ်တန်ခိုးတော်များပင် ဖြစ်ပေသည်။

မြတ်မော်တင် ဗုဒ္ဓပူဇနိယပွဲတော်ကို တစ်နှစ်လျှင် တစ်ကြိမ်သာ ကျင်းပပြီး၊ ရှေးယခင်က ပွင့်ခဲ့သော ဘုရားရှင်တို့၏ ဓာတ်တော်မွေတော်များ တည်နေကိန်းဝပ်တော်မူကြောင်းကို ဂေါတမမြတ်စွာဘုရား ကိုယ်တော်တိုင် မိန့်တော်မူခဲ့ပြီး၊ ဂေါတမမြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ် ပေးခဲ့သော ဆံတော်များ တည်နေကိန်းဝပ်တော်မူရာ စေတီမြတ် ဖြစ်လေသည်။

ဆံတော်ရှင်မြတ်မော်တင်စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်သို့ ဘုရားဖူးများ သွားရေးလာရေး လွယ်ကူစေရန် ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင် နှစ်ထပ်ရေယာဉ်ကြီးများဖြင့် (၁၅-၂-၂၀၀၇ မှ ၂-၃-၂၀၀၇) တပေါင်းလပြည့်နေ့အထိ ရန်ကုန်မှ ၂၅၈ မိုင်ဝေးသော ခမောက်မော်သို့ ပြေးဆွဲပေးမည်ဖြစ်ပါသည်။ ရန်ကုန်မြို့ လမ်းသစ်တံတားမှ နေ့စဉ် ညနေ ၃ နာရီမှစ၍ ရန်ကုန်-မအူပင်-ဝါးခယ်မ-မြောင်းမြ-ပုသိမ်-ငပုတော-ဟိုင်းကြီး-ခမောက်မော် ခရီးစဉ်ဖြင့် ရိုးရိုးတန်းနှင့် ပထမတန်းများဖြင့် သွားလာနိုင်ပေသည်။ သင်္ဘောလက်မှတ်များကို လမ်းသစ်တံတားလက်မှတ်ရုံတွင် နံနက် ၈ နာရီမှ ၁၁ နာရီအထိ တစ်ရက်ကြိုရောင်းပြီး၊ နံနက် ၁၁ နာရီမှ ညနေ ၃ နာရီအထိ နေ့ချင်းရောင်းချပေးမည် ဖြစ်ပေသည်။ ပုသိမ်သို့ နောက်တစ်နေ့နံနက်တွင် ရောက်ရှိမည် ဖြစ်သည်။ ပုသိမ်မှ နံနက် ၁၀နာရီ ထွက်ခွာလျှင် ခမောက်မော်သို့ ညနေ ၅နာရီတွင် ရောက်ရှိပြီး တစ်ဆက်တည်းမှာပင် ဆံတော်ရှင်မြတ်မော်တင်စေတီသို့ ရောက်ရှိမည် ဖြစ်ပါသည်။ ခမောက်မော်မှ နံနက် ၈နာရီ သင်္ဘောထွက်လျှင် နောက်တစ်နေ့နံနက်တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိ မည်ဖြစ်သဖြင့် သွားရေးလာရေး အထူးလွယ်ကူလှပေသည်။

ဘုရားပွဲတော်သို့ သွားရောက်မည့် သင်္ဘောများ၏ ခေါင်မိုးများပေါ်၌ သာသနာ့အလံများ၊ ပလတ်စတစ်ပူဖောင်းများကို ဝါးခက်ဖြင့် တင့်တယ်လှပစွာ ပန်းဖွားဆင်ထားတတ်ပါသည်။ ကျေးရွာခလေးတေးသံသာများဖြင့်လည်း လွှင့်ထုတ်ပေးနေသည်မှာ ကြားရသူများအဖို့ ဘုရားပွဲတော်သို့ သွားလိုစိတ်များ ဖြစ်ပေါ်စေပါသည်။ အပြန်ခရီးတွင် ပုသိမ်၊ မြောင်းမြ၊ ဝါးခယ်မ၊ မအူပင်မြို့များသို့ ဝင်ရောက်ဘုရားဖူးနိုင်ပါသည်။ ဗုဒ္ဓပူဇနိယပွဲတော်ကြီးသို့ မြန်မာနိုင်ငံအရပ်ရပ်မှ လာရောက်ဖူးမြော်သည့်အခါ ဘုရားဖူးများ စိတ်အေးချမ်းမြေ့စွာ သွားလာနိုင်ရေးအတွက် လိုအပ်သည်များကို စီစဉ်ဆောင်ရွက်ထားပါသည်။ ခရီးသွားလာရေး၊ တည်းခိုနေထိုင်ရေး၊ စားသောက်ရေးကအစ ဆောင်ရွက်ပေးထားသည်။ ခမောက်မော်မှ မော်တင်စွန်းစေတီအရောက် မော်တော်ယာဉ်လိုင်းပေါင်းစုံမှလည်း ယာဉ်အမျိုးမျိုးဖြင့် ပြေးဆွဲပေးမည်ဖြစ်သည်။ တည်းခိုခန်းများမှာ သန့်ရှင်းမှုရှိပြီး ပွဲတော်ဈေးခင်းမှာ သဲသောင်ပြင်တွင်ရှိ၍ ပင်လယ်ရေပြင်၏ အလှ၊ သဘာဝနှင့် ပနံရ တင့်တယ်လျက်ရှိသည်။ ပျော်ပွဲရွှင်ပွဲများ၊ ရုပ်ရှင်၊ ဗီဒီယို၊ ဇာတ်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပပေးမည် ဖြစ်ပေသည်။

ခမောက်မော်ဆိပ်ကမ်းတွင် စာတိုက်နှင့် ဆက်သွယ်ရေးစခန်းများလည်း ထားရှိခြင်း၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး လက်မှတ်ရုံများ ထားရှိခြင်း၊ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးဌာနများ ထားရှိပေးခြင်းတို့အတွက် ဘုရားဖူးများအား အဆင်ပြေစေသည်။ ဘုရားဖူးပြည်သူများ ကျန်းမာရေးနှင့် လုံခြုံရေးကို မြို့နယ်၊ ကျေးရွာကျန်းမာရေးဌာနမှ ဝန်ထမ်းများ၊ သူနာပြု ဆရာ ဆရာမများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် သက်ဆိုင်ရာများက နေ့ညမပြတ် စောင့်ရှောက်ပေးရန် စီစဉ်ထားသည်။

မောင်တင်လှိုင် (ဟိုတယ်/ ခရီး)

ဆံတော်ရှင် မြတ်မော်တင်စေတီတော်ကို မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ဝါဆိုလပြည့်နေ့တွင် ဂေါတမမြတ်စွာဘုရား၏ ဆံတော်ရှစ်ဆူကို တဖုဿနှင့် ဘလ္လိကညီနောင်တို့ ပင့်ဆောင်လာခဲ့သည်။ ထိုဆံတော်များ အနက် ဆံတော်နှစ်ဆူကို ဇေယျသေနနဂါးမင်းသည် ရယူခဲ့ပြီး လူနတ်ဗြဟ္မာသတ္တဝါတို့၏ အကျိုးများဖွယ် ကိုးကွယ်ရာသာဖြစ်သင့်သည်ဟု ကြံစည်ပြီးလျှင် ရှေးအခါ သရဏတောင် ယခုမော်တင်စွန်းကို တွေ့မြင်၍ သမုဒ္ဒရာအတွင်းမှ ထုတ်ယူအပ်သော မြသားရတနာတို့ဖြင့် စိုင်တမော့အရွယ်ရှိ စေတီမြတ်ကို ထိုမော်တင်တောင်တွင် တည်ထားကိုးကွယ်ခဲ့ခြင်း ဖြစ်ပေသည်။

လူများ၊ နတ်များသာမက နတ်နဂါးတို့ အလွန်ကြည်ညိုခဲ့သော စေတီဖြစ်ရာ နံနက်နှင့် ညနေချမ်း အချိန်အခါများတွင် ဇေယျသေနနဂါးမင်းအမှူးပြုသော ရေနတ်နဂါးတို့သည် စေတီတော်၏ အနောက်တောင်ဘက်လမ်းမှ ဝတ္ထုပစ္စည်းများ ယူဆောင်ကာ ပူဇော်မှုပြုခဲ့ကြသဖြင့် ထိုလမ်းကို နဂါးလမ်းဟူ၍လည်းကောင်း၊ ဆင်ဖြူတော်တို့သည် စေတီတော် တောင်ဘက်အရပ်မှ တက်ရောက်ဖူးမြော်ခဲ့ကြသဖြင့် စေတီတော်၏ တောင်ဘက်လမ်းကို ဆင်ဖြူတော်လမ်းဟူ၍လည်းကောင်း၊ ဝိဇ္ဇာဓိုရ်ပုဂ္ဂိုလ်တို့သည် ကြည်ညို သဒ္ဓါထက်သန်စွာဖြင့် စေတီတော်၏ အရှေ့တောင်အရပ်မှ တက်ရောက် ဖူးမြော်ခဲ့ကြ၍ စေတီတော်၏ အရှေ့တောင်လမ်းကို ဝိဇ္ဇာဓိုရ်လမ်းဟူ၍ လည်းကောင်း ခေါ်တွင်ခဲ့ကြောင်း သိရပေသည်။

အလောင်းစည်သူမင်းကြီး တိုင်းခန်းလှည့်လည်စဉ် မော်တင်စွန်းသို့ ရောက်ခဲ့ရာ အလောင်းစည်သူမင်းကြီး၏ ဖောင်တော်ဦးတည်ရာ နေရာအရပ်တွင် အခြားမင်းတို့ဆက်သသော မြတ်စွာဘုရား၏ သရီရဓာတ်တော်အချို့ကို ဌာပနာ၍ မြသားစေတီကို သက္ကရာဇ် ၄၅၇ ခုနှစ် တပေါင်းလပြည့်နေ့တွင် လူတစ်ရစ်၊ နတ်တစ်ရစ်၊ နဂါးတစ်ရစ်ဖြင့် အလောင်းစည်သူမင်းကြီး ကိုယ်တိုင် ဦးဆောင်၍ တည်ထားတော်မူထားသည့် ဘုရားများကိုလည်း ဖူးမြော်နိုင်ပေသည်။



မဟာမကုဋရုံသီဆံတော်ရှင် မြတ်မော်တင်စေတီတော်ကို ဤသို့ သပ္ပာယ်စွာ ဖူးတွေ့ရသည်။

ပုသိမ်မြို့မှ ဆံတော်ရှင်မြတ်မော်တင်ဘုရားသို့ ၁၀၁ မိုင် ၃ဖာလုံ ကွာဝေးသော ကားလမ်းရှိရာ မော်တော်ကားများဖြင့်လည်း သွားလာနိုင်သည်။ ပုသိမ်မြို့မှ ၈၆ မိုင်ကွာဝေးသော ခမောက်မော်သို့ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးပိုင် ရေယာဉ်ကြီးဖြင့်လည်း သွားလာနိုင်ပါသည်။

မြတ်မော်တင်စေတီတော်ကို ဖူးမြော်ရင်း ဧရာဝတီတိုင်း၏ သာယာတိုးတက်ဖွံ့ဖြိုးနေသော လုပ်ငန်းများ၊ ရေမြေတောတောင်များ၏ အလှသဘာဝရှုခင်းများ၊ အုန်းပင်များ၊ ဓနိပင်များ၊ စပါးပင်များစသည့် စိုက်ခင်းများကို ကြည့်ရှုခံစားရင်း ဧရာဝတီမြစ်ကူးတံတားများ၊ မြန်မာနိုင်ငံ၏ အထူးစီမံကိန်းများ၊ ဟိုင်းကြီးကျွန်းဆိပ်ကမ်းရှိ များပြားလှသော ငါးဖမ်းရေယာဉ်များ၊ သာယာလှပသည့် ကျေးရွာများ စသည်တို့ကို တအံ့တသြ တွေ့ရှိရမည့်အပြင် ဒေသန္တရဗဟုသုတများလည်း များစွာရရှိမည် ဖြစ်ပါသည်။ မြွေတောင်(ခေါ်) ငွေတောင်တွင် ရေချိုးရသည်များမှာ လွန်စွာပျော်ရွှင်မှုကို ဖြစ်စေပါသည်။

စိတ်ရွှင်လန်းမှုဖြစ်ရခြင်း၊ ကျန်းမာရေးကို အထူးအထောက်အပံ့ပေးသော ပင်လယ်လေကောင်း လေသန့်များကို ရှူရှိုက်ရခြင်း၊ သဲသောင်ကမ်းစပ်များပေါ်တွင် လမ်းလျှောက်ရခြင်း၊ သဘာဝရေကို ရေချိုး၍ အုန်းရေ ချိုချိုလေးများ သောက်သုံးရခြင်း၊ ဒေသထွက်ကုန်ပစ္စည်းများကို အမှတ်တရ ဝယ်ယူရရှိနိုင်ခြင်းတို့အပြင် ဒေသခံတိုင်းရင်းသားပြည်သူတို့၏ စည်းလုံးညီညွတ်မှု၊ ရိုးသားမှု၊ ဧည့်ဝတ်ကျေပွန်မှုတို့ကိုလည်း ထိတွေ့ခံစားနိုင်ပေသည်။

ဆံတော်ရှင်စေတီတော်မြတ်အား ရွှေစင်ရွှေသားများ လုံးတော်ပြည့်ကပ်လှူထားခြင်း၊ အရံစေတီ(၁၆)ဆူတို့အား ထီးတော်အသစ်များ တင်လှူခဲ့ခြင်း၊ အရံစေတီ(၁၆)ဆူကို တစ်ဆူချင်း လုံးတော်ပြည့်ရွှေသင်္ကန်းများ ကပ်လှူပူဇော်နိုင်ရန် အလှူရှင်များ ပါဝင်လှူဒါန်းနိုင်ခြင်း၊ သာသနိကအဆောက်အအုံများကိုလည်း ပြန်လည်ပြုပြင်ပြီး မုခ်ဦးများကိုလည်း အသစ်ပြန်လည် ပြုပြင်ထားသည့်အတွက် ဆံတော်ရှင်မြတ်မော်တင်စေတီမှာ အလွန်သပ္ပာယ်စွာ ဖူးမြော်ရမည် ဖြစ်ပေသည်။

ဘုရားဖူးများအတွက် သက်ဆိုင်ရာက စိတ်အေးချမ်းသာ ကြည်ညိုစွာ ဘုရားဖူးမြော်နိုင်ရန် အဘက်ဘက်မှ ပြည့်စုံစွာစီစဉ်ထားရှိပြီးဖြစ်ရာ မဟာမကုဋရုံသီ ဆံတော်ရှင်မြတ်မော်တင်စေတီ ဗုဒ္ဓပူဇနိယပွဲတော်ကို သွားရောက်ဖူးမြော်စေလိုကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ဆံတော်ရှင် မြတ်မော်တင်စေတီတော်ကို မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ဝါဆိုလပြည့်နေ့တွင် ဂေါတမမြတ်စွာဘုရား၏ ဆံတော်ရှစ်ဆူကို တဖုဿနှင့် ဘလ္လိကညီနောင်တို့ ပင့်ဆောင်လာခဲ့သည်။ ထိုဆံတော်များအနက် ဆံတော်နှစ်ဆူကို ဇေယျသေန နဂါးမင်းသည် ရယူခဲ့ပြီး လူနတ်ဗြဟ္မာသတ္တဝါတို့၏ အကျိုးများဖွယ် ကိုးကွယ်ရာသာ ဖြစ်သင့်သည်ဟု ကြံစည်ပြီးလျှင် ရှေးအခါ သရဏတောင် ယခု မော်တင်စွန်းကို တွေ့မြင်၍ သမုဒ္ဒရာ အတွင်းမှ ထုတ်ယူအပ်သော မြသားရတနာတို့ဖြင့် စိုင်တမော့ အရွယ်ရှိ စေတီမြတ်ကို ထိုမော်တင်တောင်တွင် တည်ထားကိုးကွယ်ခဲ့။

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း)အနောက်ဘက် တိုးချဲ့မြေနှစ်ဧကေ ဝယ်ယူရန်နှင့် သာသနိက အဆောက်အအုံများ ဆောက်လုပ်ရန်အတွက် နှစ်ဖက်သော မိဘများအား အမှူးထား၍ ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ကိုယ့်မင်းကိုယ့်ချင်းရိပ်သာ အမှတ်(၂၃)နေ ဦးသိန်းလှိုင် ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း) အမျိုးသား မော်ကွန်းတိုက်-ဒေါ်ကြည်ကြည်ထွေး(တရားရုံးချုပ်ရှေ့နေ)၊ သမီးဒေါက်တာ ဝင်းပပလှိုင်၊ သား မောင်အောင်ဖြိုးလှိုင်(ခေတ္တစင်ကာပူ) မိသားစုက အလှူငွေကျပ်တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် (ဂမုန်းပွင့်ဆားလမ်း)အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် ပြည်တော်သာ အရှင်စန္ဒန(မဏ္ဍာစရိယ)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ဒီပဲယင်းပြည်သူ့ဆေးရုံ၌ စုပေါင်းသန့်ရှင်း

ဒီပဲယင်း ဇန်နဝါရီ ၁၀

ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဦးဆောင်၍ မြို့နယ်ပြည်သူ့ဆေးရုံတွင် စုပေါင်းသန့်ရှင်းခြင်းလုပ်ငန်းကို ဒီဇင်ဘာ ၁၆ရက် နံနက်ပိုင်းက ဌာနဆိုင်ရာဝန်ထမ်းများ ပါဝင်ဆောင်ရွက်ကြသည်။

ထို့နောက်လူနာဆောင်များ သန့်ရှင်းခြင်း၊ ဝင်းခြံအတွင်းပေါင်းမြက်များ သုတ်သင်ခြင်း၊ ဆေးရုံဝန်းကျင်သန့်ရှင်းသာယာလှပရေးလုပ်ငန်းများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာသို့ မြို့နယ်ဥက္ကဋ္ဌ ဦးအုံးချိုနှင့်အဖွဲ့ဝင်များ ကြီးကြပ်ဆောင်ရွက်ပေးကြသည်။

(မြို့နယ် ပြန်/ဆက်)

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရေတာရှည်လမ်းဟောင်း အမှတ် (C-2, AB)အမှတ် (၁၂၇)နေ ဒေါ်တိုးတိုးစိန်၊ ညီမဒေါ်မမ မိသားစုက ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီးသာမဏေဘဝက သီတင်းသုံးခဲ့သော မြင်းခြံမြို့ မင်းကျောင်းတိုက်၌ ဝိသာခါအဖွဲ့မှ

လစဉ်မတည်၍ ဆန္ဒတော်ပြည့် ဘက်စုံတည်ဆောက်ရေးအဖွဲ့၏ ဆောက်လုပ်နေဆဲ ဆန္ဒတော်ပြည့် တိပိဋကဓမ္မပါလ နှစ်ထပ်ဆွမ်းစားကျောင်းတော်ကြီးအတွက် အလှူငွေကျပ်ငါးသိန်းကို အကျိုးတော်ဆောင် နာယကဆရာတော် ဒီဃဘာဏက၊ မဟာသဒ္ဓမ္မဇောတိကဓဇဘဒ္ဒန္တ နန္ဒိယ ဆန္ဒတော်ပြည့်ဆရာတော်ထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး ဆန္ဒတော်ပြည့် ဂေါပကအဖွဲ့ နာယက သုခိတာဦးရှိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ရှမ်းပြည်နယ်(မြောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ နှစ်ပတ်လည်အစည်းအဝေး အတွေ့အကြုံရှင်းလင်း

လားရှိုး ဖေဖော်ဝါရီ ၅

ရှမ်းပြည်နယ်(မြောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့၏ ၂၀၀၆ခုနှစ် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် နှစ်ပတ်လည်အစည်းအဝေးအတွေ့အကြုံရှင်းလင်းပွဲကို ဇန်နဝါရီ ၃၀ရက် မွန်းလွဲ ၁ နာရီက ရှမ်းပြည်နယ်(မြောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ချယ်ရီက ၂၀၀၆ ခုနှစ် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အစည်းအဝေးအတွေ့အကြုံများ ရှင်းလင်း မှာကြားသည်။

ထို့နောက် ရှမ်းပြည်နယ် (မြောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝင့်ဝင့်နိုင်က မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ၂၀၀၇ ခုနှစ် ရှေ့လုပ်ငန်းစဉ်များ ချမှတ်နိုင်ရန် ညှိနှိုင်းဆွေးနွေးမှုများနှင့် ၂၀၀၇ ခုနှစ် ရှေ့လုပ်ငန်းစဉ်များအား တင်ပြဆွေးနွေးသည်။

ဆက်လက်၍ ၂၀၀၆ ခုနှစ် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် နှစ်ပတ်လည် အစည်းအဝေးတွင် အဖွဲ့ချုပ်မှ မတည်ထုတ်ပေးသော အသေးစားချေးငွေကျပ်သိန်း၅၀ကို နာယကဒေါ်ချယ်ရီက ရှမ်းပြည်နယ် (မြောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝင့်ဝင့်နိုင်သို့ ပေးအပ်သည်။

ယင်းနောက် မတည်ငွေများကို ရှမ်းပြည်နယ် (မြောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝင့်ဝင့်နိုင်က ခရိုင်များကိုယ်စား လားရှိုးခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဆွေဆွေပြုံးထံ ပေးအပ်သည်။

(အမျိုးသမီးရေးရာ)

ပညာရေးစုံညီပွဲတော် မန်တုံမြို့၌ ကျင်းပ ထူးချွန်ကျောင်းသား ကျောင်းသူများ ဆုချီးမြှင့်

မန်တုံ ဇန်နဝါရီ ၂၅

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် မန်တုံမြို့နယ် မန်တုံအထက ကျောင်းတွင် ဇန်နဝါရီ ၆ရက် နံနက်၉နာရီက နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီးတင်မောင်ဝင်းနှင့် ပလောင်တိုင်းရင်းသားခေါင်းဆောင် ဦးအိုက်မုန်းတို့က ပညာရေးစုံညီပွဲတော် အခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

အခမ်းအနားတွင် ဒုတိယဗိုလ်မှူးကြီးတင်မောင်ဝင်း၊ ဦးအိုက်မုန်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းဆွေ၊ အထက ကျောင်းအုပ်ဆရာကြီး ဦးချစ်ဝင်းတို့က အမှာစကားပြောကြားကြပြီး ပညာရည်ထူးချွန်ဆုရ ပထမ၊ ဒုတိယ၊ တတိယဆုရ သူငယ်တန်းမှ တက္ကသိုလ်ဝင်တန်းအထိ ကျောင်းသား ကျောင်းသူများနှင့် ၂၀၀၇ ခုနှစ် အားကစားလှုပ်ရှားမှုတွင် ဆုရသူများအား ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျောင်းအကျိုးတော်ဆောင်များနှင့် မြို့မိ၊ မြို့ဖများက ဆုများပေးအပ် ချီးမြှင့်ကြသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် ကျောင်းသား ကျောင်းသူလေးများက မြန်မာ့ရိုးရာယဉ်ကျေးမှု အကနှင့် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအကများဖြင့် ဧည့်ခံဖျော်ဖြေကြရာ လာရောက်ကြည့်ရှုသူများက ဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

(မြို့နယ် ပြန်/ဆက်)

မကွေးတိုင်း ဆင်ပေါင်ဝဲမြို့နယ် ကိုးပင်စံပြကျေးရွာ ဝေဠုဝန် မစိုးရိမ်တိုက်သစ်၌ ဝိနယာနုဂ္ဂဟစာပြန်ပွဲနှင့် အောင်လက်မှတ်ဆက်ကပ် ပူဇော်ပွဲကို ဒီဇင်ဘာ ၂၈ရက်က ကျင်းပစဉ်။

(မြို့နယ် ပြန်/ဆက်)

သန်လျင် အခြေခံပညာအထက်တန်းကျောင်းအမှတ်(၁) အငြိမ်းစား ဆရာ၊ ဆရာမကြီးများ ပူဇော်ကန်တော့မည်

သန်လျင် ဇန်နဝါရီ ၁၂

သန်လျင်မြို့ အခြေခံပညာအထက်တန်းကျောင်းအမှတ်(၁)မှ အငြိမ်းစားယူသွားကြသော ဆရာ၊ ဆရာမကြီးများအား တပည့် ကျောင်းသား ကျောင်းသူများ စုပေါင်း၍ (၂၂)ကြိမ်မြောက် အာစရိယပူဇော်ပွဲ ကျင်းပရန်အတွက် ၂၀၀၆ခုနှစ် ဒီဇင်ဘာ ၂၄ ရက် နံနက် ၉ နာရီခွဲက သန်လျင်မြို့ အထက(၁) ပတ္တမြားခန်းမဆောင်၌ ညှိနှိုင်းစည်းဝေး ကြသည်။

အခမ်းအနားတွင် အငြိမ်းစားဆရာ၊ ဆရာမကြီးများအား (၂၂)ကြိမ်မြောက် အာစရိယပူဇော်ပွဲ ဖြစ်မြောက်ရေးကော်မတီဖွဲ့စည်းကြကာ ၂၀၀၇ခုနှစ် မတ် ၂၇ရက်(အင်္ဂါနေ့)တွင် အာစရိယပူဇော်ပွဲ ကျင်းပရန် ဆုံးဖြတ်ကြသည်။ အငြိမ်းစားယူသွားကြသော ဆရာ၊ ဆရာမကြီးများအတွက် လှူဖွယ်ပစ္စည်းနှင့် အလှူငွေများ ထည့်ဝင်လှူဒါန်းလိုပါက ဦးရန်အောင် ဖုန်း-၀၁-၅၄၀၉၆၀၊ ဦးမောင်မောင်တိုး ဖုန်း-၀၉-၅၀-၁၁၇၀၇၊ ၀၅၆-၂၁၁၅၇၊ ဦးသက်လွင်တိုး ဖုန်း-၀၉-၅၀-၀၀၂၀၅၊ ဒေါ်ဝါဝါစိန် ဖုန်း-၀၁-၂၄၄၅၄၀၊ ၀၉-၈၀-၂၃၉၇၂၊ ဆရာမဒေါ်စမ်းဝင်း ဖုန်း- ၀၅၆-၂၁၁၅၈၊ ဒေါ်သန်းရွှေ ဖုန်း-၀၁-၆၆၁၉၆၇၊ ဦးအောင်သိန်း၊ ဒေါက်တာခင်စမ်းမူ ဖုန်း-၀၅၆-၂၁၃၇၀၊ ၀၉-၅၀-၁၀၇၅၀နှင့် ဒေါက်တာဦးဝင်း ဖုန်း-၀၅၆-၂၁၈၇၅၊ ၀၉-၅၁-၅၇၃၀၅တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ရန် နှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

မြို့နယ်သတင်းများ

မောင်တောမြို့ ပရိယတ္တိစာသင်တိုက်နှင့် ပရဟိတကျောင်းများအတွက် ထာဝရငွေ ပဒေသာပင်နှင့် အဝတ်အထည်များ လှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၁၂

ရခိုင်ပြည်နယ် မောင်တောမြို့ရှိ ပရိယတ္တိစာသင်တိုက်များ၊ စစ်တွေမြို့ရှိ တပ်မတော်စစ်ဆေးရုံတွင် တက်ရောက်၍ ဆေးဝါးကုသနေကြသော လူနာများနှင့် နယ်စပ်ဒေသ လူဝင်မှုစစ်ဆေးရေးကွပ်ကဲမှုဌာနချုပ်အောက်ရှိ တပ်ဖွဲ့ဝင်မိသားစုဝင်များ၏ သားသမီးများအတွက် အဝတ်အထည်များ ပေးအပ်လှူဒါန်းပွဲကို ဖေဖော်ဝါရီ ၉ရက် မွန်းလွဲ ၂နာရီက ရန်ကုန်မြို့ ဒဂုံမြို့နယ် ယောမင်းကြီးရပ်ကွက် အမှတ် ၃၀ နဝဒေးလမ်း၌ ကျင်းပသည်။

လှူဒါန်းပွဲတွင် မောင်တောမြို့ရှိ မြို့မ ပရိယတ္တိစာသင်တိုက် အတွက် ရေ၊ မီး ထာဝရပဒေသာပင်အလှူငွေကျပ် ၂၀၀၀၀၀၊ နယ်စပ်ဒေသလူဝင်မှုစစ်ဆေးရေး ကွပ်ကဲမှုဌာနချုပ်အောက်ရှိ တပ်ဖွဲ့ဝင်မိသားစုဝင်များ၏ သားသမီးများအတွက် အင်္ကျီအထည် ၅၀၀၊ ကျောင်းစိမ်းလုံချည်အထည် ၄၀၀၊ မောင်တောမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းနှစ်ကျောင်းမှ ပရဟိတကလေးများအတွက် ကျောင်းစိမ်းလုံချည် ၁၂၈ ထည်၊ ကျောင်းစိမ်းစကပ်၆၂ထည်၊ ကျောင်းစိမ်းဘောင်းဘီ ၁၄ထည်၊ မောင်တောမြို့ရှိ မြို့မ ပရိယတ္တိ စာသင်တိုက်အတွက် သင်္ကန်းသုံးစုံ၊ ထန်းလျက် တစ်သေတ္တာနှင့် ငါးခြောက် ၁၅ပိဿာ၊ စစ်တွေမြို့ရှိ တပ်မတော်စစ်ဆေးရုံ၌ တက်ရောက်၍ ဆေးဝါးကုသနေကြသော လူနာများအတွက် အင်္ကျီအထည်၇၀နှင့် ထန်းလျက်တစ်သေတ္တာ စုစုပေါင်း တန်ဖိုးငွေကျပ် ၁၆၅၈၆၈၀တို့ကို လူမှုထူးချွန်(ပထမဆင့်) အဂ္ဂမဟာသီရိသုဓမ္မသီဂီဒေါ်ဆယ်(ငွေဆယ်ကုမ္ပဏီ)က ပေးအပ်လှူဒါန်းရာ နယ်စပ်ဒေသ လူဝင်မှု စစ်ဆေးရေးကွပ်ကဲမှုဌာနချုပ် ခေတ္တကွပ်ကဲရေးမှူးဒုတိယဗိုလ်မှူးကြီးမြင့်ခိုင်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

ကျပန်းစကားပြောပြိုင်ပွဲ မူဆယ်မြို့၌ ကျင်းပ

မူဆယ် ဖေဖော်ဝါရီ ၂

မူဆယ်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူး၍ မြို့နယ်အဆင့် ကျပန်းစကားပြောပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၅ရက် နံနက်က မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညွန့်ဟန်နှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ရဲမှူးစိန်ဝင်းက အမှာစကားပြောကြားပြီး ပြိုင်ပွဲဒိုင်ချုပ် ဒေါ်ဂျဲနက်နန်ပရီက ပြိုင်ပွဲစည်းကမ်းများကို ရှင်းလင်းတင်ပြကာ ပြိုင်ပွဲဝင်များက ယှဉ်ပြိုင်ပြောကြားကြသည်။

ယင်းနောက် ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ တာဝန်ရှိသူများက ပထမ၊ ဒုတိယ၊ တတိယဆုရသူများနှင့် နှစ်သိမ့်ဆုရသူများအား ဆုများ ပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ဘီးလင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ် ထောက်ပံ့ငွေဖြင့် ဆောင်ရွက်သော ရွှေဝါရောင် အပိုင်း(၁)၊ (၂)၊ (၃) ကတ္တရာထပ်ပိုးလွှာခင်းခြင်း လုပ်ငန်းဆောင်ရွက်မှုကို ဒီဇင်ဘာ၃၀ရက်က မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ် ကွင်းဆင်း ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)



ပဲခူးတိုင်း ညောင်လေးပင်မြို့နယ် ပိန်းဇလုတ် သုမင်္ဂလာရာမ ပရိယတ္တိ စာသင်တိုက်ကြီးအတွင်းရှိ သုဝဏ္ဏဝတီ သုံးထပ်ရွှေကျောင်းတော်ကြီး ပြန်လည်ပြုပြင်ရန် ဦးကျော်စိန်-ဒေါ်လှ၊ သား ဦးခွေးလေး၊ ဦးကျင်စိန်၊ သမီးဒေါ်ပဲကြည်၊ ဒေါ်ကိုင်းမ တို့အား ရည်စူး၍ ဦးကျင်မောင်၊ ညီမ ဒေါ်ကျင်မြ (စိန်ရတနာ ဆန်စက်) ပိန်းဇလုတ်က ပထမအကြိမ် ငွေကျပ် ၂၅၀၀၀၀ ကို ပဓာနဆရာတော် ဦးဥတ္တမသာရထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

မော်လမြိုင်ကျွန်းမြို့နယ် သံဃနာယကအဖွဲ့ ၂၅ရာခိုင်နှုန်း ရွေးချယ်တင်မြှောက်

မော်လမြိုင်ကျွန်း ဖေဖော်ဝါရီ ၉

ဧရာဝတီတိုင်း မော်လမြိုင်ကျွန်းမြို့နယ် သံဃနာယကအဖွဲ့၏ ၂၅ရာခိုင်နှုန်း ရွေးချယ်တင်မြှောက်ပွဲကို ဖေဖော်ဝါရီ ၆ရက် နံနက် ၈နာရီက မော်လမြိုင်ကျွန်းမြို့ ပစ္ဆိမာရုံစာသင်တိုက်၌ ကျင်းပရာ ဧရာဝတီတိုင်း သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဝိလာသ အမှူးပြုသော တိုင်းသံဃနာယကအဖွဲ့ဝင် ဆရာတော်များ ကြွရောက် ချီးမြှင့်တော်မူကြသည်။

အခမ်းအနားသို့ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဘဒ္ဒန္တ စိန္တိတာလင်္ကာရ(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)၊ မြို့နယ်သံဃနာယကဥက္ကဋ္ဌ ဘဒ္ဒန္တကောဝိဒ (အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ)နှင့် မြို့နယ်သံဃနာယကအဖွဲ့ဝင်ဆရာတော်များ၊ မြို့နယ်အတွင်းရှိ သံဃာ့ဝန်ဆောင် ဆရာတော် ၁၀၅ပါးတို့ ကြွရောက်တော်မူကြသည်။

အခမ်းအနားတွင် တိုင်းသံဃနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိလာသက ဩဝါဒကထာ မိန့်ကြားပြီး မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်က သာသနာရေးဆိုင်ရာများလျှောက်ထား၍ မြို့နယ်သံဃာ့ဝန်ဆောင် ဆရာတော်များက မြို့နယ်သံဃနာယကအဖွဲ့ဝင် ဆရာတော်သုံးပါးတို့အား ရွေးချယ်တင်မြှောက်ကြသည်။ **(ဝ၉၇)**

မုဒုံမြို့ ဘိုးဘွားရိပ်သာ လေ့လာရေးခရီးစဉ် (အဘိုးအဘွားများ) အတွက် ဖေဖော်ဝါရီ ၆ရက်က ရန်ကုန်မြို့ ဝင်ဒါမီယာလမ်းနေ ဒေါက်တာဇော်ဝင်း၊ ဒေါက်တာနွယ်သီဂီမိသားစုတို့က ငွေကျပ်တစ်သိန်း ပေးအပ်လှူဒါန်းရာ ဘိုးဘွားရိပ်သာဥက္ကဋ္ဌ ဦးပိုးရီက လက်ခံရယူပြီး ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်စဉ်။ (မြို့နယ် ပြန်/ဆက်)

ကွန်ပျူတာဒီပလိုမာ တပ်ကြပ်ကြီး/စာရေးသင်တန်းသားများ အလိုရှိသည်

၁။ လျှောက်ထားသူသည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူဖြစ်ရမည်။

(ဂ) ၁-၁-၂၀၀၇ရက်နေ့တွင် အသက် ၁၆နှစ်ပြည့်ပြီး ၁၉နှစ်ထက် မကြီးရ။

၂။ လျှောက်လွှာများကို နီးစပ်ရာ စစ်ဌာနချုပ်များတွင် ၇-၂-၂၀၀၇ရက်နေ့မှစတင်၍ အခမဲ့ရယူပြီး ၂၁-၂-၂၀၀၇ရက်နေ့မှ ၁-၃-၂၀၀၇ရက်နေ့အတွင်း စစ်ဌာနချုပ်များသို့ အောက်ပါစာရွက်စာတမ်းများနှင့်အတူ လူကိုယ်တိုင် လာရောက်သတင်းပို့ လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးလက်မှတ်၊

(ခ) တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်၊

(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ပြည်နယ်/တိုင်း/မြို့နယ် ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ ထောက်ခံစာ(မူရင်း)၊

(ဃ) (၁)လအတွင်း ရိုက်ကူးထားသော ပတ်စပို့အရွယ် ဓာတ်ပုံ(၃)ပုံ။

၃။ သတ်မှတ်ချက်များနှင့် ပြည့်စုံသူများအား စစ်ဌာနချုပ်များအစီအစဉ်ဖြင့် အမှတ်(၁) အရာခံနှင့် အကြပ်ကြီးသင်ကျောင်းသို့ ပို့ဆောင်ပေးမည်။ ၎င်းတွင် စစ်ဘက်ဆိုင်ရာ ဆေးစစ်ခြင်းများပြုလုပ်၍ ဆေးအောင်မြင်သူများကို သင်တန်းသားအဖြစ် အတည်ပြုရွေးချယ်မည်။

၄။ သင်တန်းတွင် အခြေခံစစ်ပညာရပ်များ၊ ရုံးလုပ်ငန်းဆိုင်ရာတို့အပြင် ကွန်ပျူတာနှင့် အင်္ဂလိပ်စာဘာသာရပ်တို့ကို ၂နှစ်ကြာ သင်ကြားလေ့ကျင့်ပေးပြီး အောင်မြင်သူများကို ကွန်ပျူတာ ဒီပလိုမာ Dip. C.S(Diploma in Computer Studies) ချီးမြှင့်ပေးမည်။

၅။ သင်တန်းကာလ(၂)နှစ်အတွင်း ခြေလျင်တပ်သားသစ် သင်တန်းကာလတွင် သတ်မှတ်ထားသော တပ်သားသစ်လစာကျပ်၁၅၀၀၀ကိုလည်းကောင်း၊ ခြေလျင်တပ်သားသစ် သင်တန်းပြီးသည့်ရက်မှစ၍ သင်တန်းပြီးဆုံးသည်အထိ သတ်မှတ်ထားသော တပ်သားအခြေခံလစာကျပ် ၁၆၀၀၀ကိုလည်းကောင်း ရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် တပ်ကြပ်ကြီး/စာရေး(တတိယတန်း)အဖြစ် ခန့်အပ်ပေးမည်။

၆။ လုပ်သက် ၂နှစ်ပြည့်သည့်အခါ အဆင့်/အတန်းတိုးမြှင့်ရေးအတွက် ဝင်ရောက်ဖြေဆိုခွင့်ရှိ၍ အောင်မြင်ပါက အောက်ပါအတိုင်း အဆင့်/အတန်းများ တိုးမြှင့်ရရှိနိုင်ပြီး ယှဉ်တွဲဖော်ပြပါ လစာ၊ စရိတ်များရရှိမည်-

	အဆင့်အတန်း	အခြေခံ လစာ	အရည်အချင်း လစာ	M.H.R.A	ပေါင်း
(က)	တပ်ကြပ်ကြီး/စာရေး (တတိယတန်း)	၃၄၀၀၀	၂၀၀	၅၀၀၀	၃၉၂၀၀
(ခ)	တပ်ကြပ်ကြီး/စာရေး (ဒုတိယတန်း)	၃၄၀၀၀	၃၀၀	၅၀၀၀	၃၉၃၀၀
(ဂ)	တပ်ကြပ်ကြီး/စာရေး (ပထမတန်း)	၃၄၀၀၀	၄၀၀	၅၀၀၀	၃၉၄၀၀
(ဃ)	ဒုတိယအရာခံဗိုလ်/စာရေး	၄၆၀၀၀	၄၀၀	၅၀၀၀	၅၁၄၀၀
(င)	အရာခံဗိုလ်/စာရေး	၅၂၀၀၀	၄၀၀	၅၀၀၀	၅၇၄၀၀

မှတ်ချက်။ ။နှစ်တိုးလစာကို ၂နှစ်လျှင် ၁၀၀၀ိ/-နှုန်းဖြင့် ၅၀၀၀ိ/-အထိ ခံစားခွင့်ရှိသည်။

၇။ တာဝန်ထမ်းဆောင်စဉ် **အဝေးသင်တက္ကသိုလ်မှ ဘွဲ့ရရှိနိုင်ရေး**အတွက် အဆင်ပြေစွာ ဖြေဆိုနိုင်သည်။

၈။ ဘွဲ့ရရှိသူ တပ်ကြပ်ကြီး/စာရေးများသည် စစ်မှုထမ်းသက် ၆နှစ်ပြည့်ပြီးလျှင်သော်လည်းကောင်း၊ ဘွဲ့မရသေးသူများသည် စစ်မှုထမ်းသက် ၈နှစ်ပြည့်ပြီးလျှင်သော်လည်းကောင်း **ဗိုလ်လောင်းသင်တန်း**သို့ လျှောက်ထားနိုင်သည်။

၉။ ထို့ပြင် ဘွဲ့ရရှိသူ တပ်ကြပ်ကြီး/စာရေးများသည် စစ်သံစစ်မှုထမ်းစာရေးအဖြစ် စိစစ်ရွေးချယ်ခံရပါက နိုင်ငံခြားရှိ**မြန်မာစစ်သံ(ကြည်း၊ရေ၊လေ)ရုံးများတွင်** မိသားစုနှင့်အတူ သွားရောက်၍ အမှုထမ်းဆောင်နိုင်ခွင့်ရှိသည်။

မှတ်ချက်။ ။အသေးစိတ်သိလိုပါက နီးစပ်ရာ စစ်ဌာနချုပ်များတွင် စုံစမ်းနိုင်သည်။

မြန်မာ့အသံ နားဆင်စရာ

၁၃၆၈ ခုနှစ် တပို့တွဲလပြည့်ကျော် ၁၃ ရက်
၁၄-၂-၂၀၀၇ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၀၇:၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ အင်္ဂုလိမာလသုတ်နှင့် ဗောဇ္ဈင်္ဂသုတ်)

နေ့လယ်ပိုင်း

၁၁:၁၅ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား (ရော်ဘာဆီအုန်းသီးနှံများ အောင်မြင်ဖို့ မြေဆီထိန်း ပဲတွဲဖက်စိုက်ပျိုး)

၁၂:၀၀ ယဉ်ကျေးမှုအနုပညာ (ပြည်ထောင်စုအလံ မိုးသို့ပျံ)

၁၂:၂၅ သူ့အတွေးနှင့် သူ့အရေး (ကျဆင်းလျက်ရှိသော လူ့သိက္ခာအား ပြန်တင်ခြင်း-မင်းချစ်ဦး)

၁၂:၃၅ သီချင်းကြီးပဒေသာ

(၁) စိန်အေးရန့် ယိုးဒယား (ကပစ-ရီရီဝေ)

(၂) ခါနွေဆန်း ယိုးဒယား (ဆင်ဖြူကျွန်း သန်းသန်းမြင့်)

(၃) ဟေဝန်မြိုင်လမ်းသံဆန်း (ဦးဘုန်းမြင့်)

ညနေပိုင်း

၁၇:၀၀ ခံစားနားဆင် မြန်မာတေးသံစဉ်

(၁) စောင့်ကြိုလျက်ပါ (ကိုကျည်းတန်)

(၂) မေတစ်ယောက်တည်းသာ ခရေကောက်မြဲပါ (ညွှန့်ညွှန့်စိန်)

(၃) ချစ်သူရှေ့မှောက် ရောက်လေသောအခါ (ခင်မောင်ကြည်)

၁၇:၃၀ အစာနှင့် အာဟာရ (ရခိုင်ရိုးရာ စားဖွယ်ရာ)

၁၇:၄၅ သူ့လက်သံ (ဧရာဝတီတိုင်းမှ မောင်အောင်ကိုသက်၏ စန္ဒရားလက်သံ)

၁၈:၄၀ စာအုပ်စာပေ လူ့မိတ်ဆွေ

(၁) ကြက်ခြေနီဆောင်းပါးများ (တက္ကသိုလ်ဇော်ထူးဦး)

(၂) ပန်းပွင့်တိမ်တိုက် ကဗျာများ (ဇော်နောင်)

၁၉:၁၅ နှောင်းခေတ်ကြေးမုံဇာတ်လမ်းစုံ (မောဟလွှန်ကဲ အတ္တစွဲ)

၂၀:၃၀ မေတ္တာလက်ဆောင်ရတေးစီးရီး [Heart တေးထုတ်လုပ်ရေးမှ မေတ္တာလက်ဆောင်ပေးပို့သည့် တစ်မြေထဲမှာ(၁)စီးရီး]

ပြည်ပသြဇာခံ သံယောင်လိုက်၊ နောက်မြီးဆွဲ နိုင်ငံရေးလုပ်စားသူများအား ထုတ်ပယ်ဖျက်သိမ်းပြီး ကရင်အမျိုးသားအစည်းအရုံးနှင့် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်၏ သမိုင်းကြောင်းကို မြန်မာနိုင်ငံ၏ သမိုင်းရေးလိုအပ်ချက်နှင့်ပေါင်းစပ်လျက် ငြိမ်းချမ်းရေးအောင်ပွဲ ရယူဆင်နွှဲကြပြီ

အကြောင်းအမျိုးမျိုးဖြင့် ကျန်ရစ်ခဲ့သည့်ရဲဘော်များကို လှိုက်လှဲနွေးထွေးစွာ လက်ကမ်းကြိုဆိုနေ

နေပြည်တော် ဖေဖော်ဝါရီ ၁၂

ကရင်အမျိုးသားအစည်းအရုံး(KNU)/ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော်(KNLA) ငြိမ်းချမ်းရေးကောင်စီဥက္ကဋ္ဌ တပ်မဟာ(၇) တပ်မဟာမှူး ဗိုလ်ချုပ်ဌေးမောင် ခေါင်းဆောင်သော တပ်ဖွဲ့ဝင် ၃၀၉ ဦးနှင့် မိသားစုဝင် ၁၁ ဦး စုစုပေါင်းအင်အား ၃၂၀ သည် နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့၏ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊ ငြိမ်းချမ်း သာယာဝပြောရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်ချက်များကို နားလည်ယုံကြည်လက်ခံပြီး လက်တွဲပူးပေါင်းဆောင်ရွက်ရန်အတွက် ငြိမ်းချမ်းရေးအောင်ပွဲ ဆင်နွှဲခဲ့ကြသည်။

နှစ်ထောင်းအားရ သောင်းသောင်းဖြဖြကြိုဆို

KNU/KNLAငြိမ်းချမ်းရေးကောင်စီ၏ ငြိမ်းချမ်းရေးအောင်ပွဲကြိုဆိုသည့် အခမ်းအနားကို ဖေဖော်ဝါရီ ၁၁ ရက်က ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ထို့ကော်ကိုးကျေးရွာ၌ ကျင်းပခဲ့ရာ ငြိမ်းချမ်းရေးကို နှစ်ရှည်လများ လိုလားတောင့်တနေကြသော ဒေသခံတိုင်းရင်းသားပြည်သူများက နှစ်ထောင်းအားရ သောင်းသောင်းဖြဖြ ကြိုဆိုခဲ့ကြသည်။ **(အပေါ်ပုံ)**

မျှော်လင့်တောင့်တ ဆန္ဒပြုနေ

ထို့အတူ ပြည်ထောင်စုတစ်ဝန်းလုံးမှ တိုင်းရင်းသားပြည်သူများကလည်း ကရင်ပြည်နယ်သူ ပြည်နယ်သားများနှင့် ထပ်တူထပ်မျှ အားရဝမ်းသာ ပီတိဖြာလျက်ရှိနေကြပြီး အခြားပြည်နယ်၊ တိုင်းများနည်းတူ ကရင်ပြည်နယ် တစ်ခွင်လုံး ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု အကျိုးစီးပွားရလဒ်များ ရရှိခံစားနိုင်စေကြောင်း မျှော်လင့်တောင့်တ ဆန္ဒပြုနေကြသည်ဟု သိရသည်။

စီမံဆောင်ရွက် ဖြည့်ဆည်းပေး

နိုင်ငံတော်ကလည်း KNU/KNLA ငြိမ်းချမ်းရေးကောင်စီဥက္ကဋ္ဌ တပ်မဟာ(၇)တပ်မဟာမှူး ဗိုလ်ချုပ်ဌေးမောင် ခေါင်းဆောင်သော တပ်ဖွဲ့ဝင်များနှင့် မိသားစုများအား လှိုက်လှဲပျူငှာနွေးထွေးစွာကြိုဆိုပြီး KNU/KNLA ငြိမ်းချမ်းရေးကောင်စီ၏ ငြိမ်းချမ်းရေးအခြေခံဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဘက်ဘက်မှ စီမံဆောင်ရွက် ဖြည့်ဆည်းပေးလျက်ရှိကြောင်း သတင်းရရှိသည်။

လေးစားအားကျဖွယ်

အဆိုပါအခမ်းအနား၌ KNU/KNLA ငြိမ်းချမ်းရေးကောင်စီဥက္ကဋ္ဌ တပ်မဟာ(၇) တပ်မဟာမှူး ဗိုလ်ချုပ်ဌေးမောင် ရှင်းလင်းပြောကြားခဲ့သည့် ငြိမ်းချမ်းရေးအောင်ပွဲ ဆင်နွှဲခဲ့သည့် ရည်ရွယ်ချက်များနှင့် ဆန္ဒသဘောထားမှာ လေးစားအားကျဖွယ်ဖြစ်၍ ပူးတွဲပါအတိုင်း ကောက်နုတ်ဖော်ပြလိုက်ပါသည်။

(သတင်းစဉ်)

- **ငြိမ်းချမ်းရေး၏တန်ဖိုးကို စစ်တိုက်ဖူးသူများနှင့် စစ်ဘေးစစ်ဒဏ်ခံရဖူးသူများသာ အသိဆုံးဖြစ်။**
- **ယနေ့ နိုင်ငံတကာနှင့် မြန်မာ့နိုင်ငံရေး ဖြစ်ပေါ်ပြောင်းလဲမှုများကို ဆင်ခြင်သုံးသပ်ပြီး တည်ငြိမ်အေးချမ်းမှုမရှိသမျှ ဒေသခံကရင်လူထု၏ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်နိုင်မည် မဟုတ်ကြောင်း ခိုင်မာပြတ်သားစွာ ဆုံးဖြတ်ခဲ့။**
- **မိမိသည် ကရင်အမျိုးသားရေးလှုပ်ရှားမှုအပေါ် သမိုင်းကြောင်းနှင့်ယှဉ်ပြီး သစ္စာရှိခဲ့သူတစ်ဦးဖြစ်သည့်အတွက် ငြိမ်းချမ်းရေးကို အာသာငမ်းငမ်း တောင့်တနေသည့် ကရင်လူထု၏ဆန္ဒအား အလေးထား။**
- **တကယ်ဆိုလျှင် မိမိတို့သည် ငြိမ်းချမ်းရေးနှင့် လက်တစ်ကမ်းအလိုအထိ မကြာခဏ ရောက်ရှိခဲ့။**
- **သို့ရာတွင် ပြည်ပအဖွဲ့အစည်းများ၏သြဇာခံ၊ သံယောင်လိုက်၊ နောက်မြီးဆွဲများက ကရင်အမျိုးသားရေးနှင့် တိုက်ရိုက်ပတ်သက်မှုမရှိသည့် တောင်းဆိုချက်များကို ပြည်ပအလိုကျ ရှေ့တန်းတင်ခဲ့သောကြောင့် အကြိမ်ကြိမ်ပျက်ပြားခဲ့ရ။**
- **ထို့ကြောင့်ပင် ကရင်ပြည်နယ်နှင့် ကရင်တိုင်းရင်းသားများသည် စစ်၏ဓားစာခံများအဖြစ် ဖွံ့ဖြိုးတိုးတက်မှု အခွင့်အရေးပေါင်းမြောက်မြားစွာကို လက်လွတ်ဆုံးရှုံးခဲ့ပြီး စစ်၏ဆိုးကျိုးများကို ခါးစည်းခံနေကြရသည်မှာ ၅၈နှစ်ကျော် ကြာခဲ့ပြီဖြစ်။**
- **ထို့ကြောင့် မဲဆောက်မြို့ပေါ်မှာနေပြီး နေတစ်ပြောက်အထိုးမခံ၊ ချွေးတစ်စက် အစို့မခံဘဲ KNU၏ အရှိန်အဝါကို အချောင်နှိုက်၊ မောင်ပိုင်စီးနေသူများ၊ အစဉ်အလာကြီးမားသည့် KNLA ကို လက်ကိုင်တုတ်လုပ်ပြီး ဒုက္ခပင်လယ်ဝေနေရသည့် ဒေသခံလူထု၏ဆုံးရှုံးနစ်နာမှုများအပေါ် အမြတ်ထုတ် နိုင်ငံရေးလုပ်စားသူများကို ထုတ်ပယ်ဖျက်သိမ်း။**
- **လက်နက်ကိုင်တိုက်ပွဲများကင်းစင်သည့် ငြိမ်းချမ်းရေးအခြေခံဒေသများ တည်ဆောက်ရန် ငြိမ်းချမ်းရေး ရယူခဲ့ခြင်းဖြစ်။**
- **ဝါဒစွဲ၊ လူမျိုးစွဲ၊ ဒေသစွဲ၊ ဂိုဏ်းဂဏစွဲ၊ ပုဂ္ဂိုလ်စွဲများကိုဖယ်ရှားပြီး ဒေသခံလူထု အမှန်တကယ် တွေ့ကြုံခံစားနေရသည့် လက်နက်ကိုင် ပဋိပက္ခ၏ဆိုးကျိုးများ ပပျောက်ချုပ်ငြိမ်းအောင် ထာဝရ ဦးတည်ဆောင်ရွက်သွားမည်။**
- **ယခုကဲ့သို့ KNU/KNLAငြိမ်းချမ်းရေးကောင်စီက စေတနာနှင့် လုပ်ရပ်မှန်ကန်သည့် တပ်မတော် အစိုးရနှင့် လက်တွဲလိုက်ခြင်းသည် KNU နှင့် KNLA ၏ သမိုင်းကြောင်းကို နိုင်ငံတော်၏ သမိုင်းရေးလိုအပ်ချက်နှင့် ပေါင်းစပ်လိုက်ခြင်းပင်ဖြစ်။**
- **လက်တွေ့ကျသည့် ကရင်အမျိုးသားရေးလှုပ်ရှားမှုကို လုပ်ဆောင်လိုက်ခြင်းလည်းဖြစ်။**
- **ယင်းဆောင်ရွက်ချက်သည် ကရင်အမျိုးသားခေါင်းဆောင်ကြီး စောဘဦးကြီးမျှော်မှန်းခဲ့သည့် ကရင်အမျိုးသားရေးမျှော်မှန်းချက်မူများနှင့် ဗိုလ်ချုပ်ကြီးစောဘိုမြ အမြော်အမြင်ရှိရှိ လမ်းစဖော်ပေးခဲ့သည့် ငြိမ်းချမ်းရေးလမ်းစဉ်ကို အကောင်အထည်ဖော်လိုက်နိုင်ခြင်းဖြစ်၍ ဝမ်းမြောက်ဂုဏ်ယူ။**
- **အကြောင်းအမျိုးမျိုးဖြင့် ကျန်ရစ်ခဲ့သည့်ရဲဘော်များအား ကရင်ပြည်နယ် ငြိမ်းချမ်းရေး၊ ဒေသခံလူထု၏ လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် စိတ်ရင်းစေတနာမှန်ဖြင့် ပူးပေါင်းဆောင်ရွက်ကြရန် လှိုက်လှဲနွေးထွေးစွာ လက်ကမ်းကြိုဆိုနေ။**